(က) "မြေပိုင်ဆိုင်သူ" သည် "ငှားရမ်းသည့်မြေ" ကို ဥပဒေအရ တရားဝင်ပိုင်ဆိုင်ခွင့်ရှိကြောင်း တာဝန်ခံလျှော်အာမခံချက်ပေးပါသည်။

(ခ) "မြေပိုင်ဆိုင်သူ" သည် မွန်ပြည်နယ်၊ ရေးမြို့နယ် မြောက်ဘက် သပြေကျေးရွာနှင့် လမိုင်းကျေးရွာအနီးရှိ ပူးတွဲပါ မြေပုံတွင် အစိမ်းရောင်ချယ်ထားသည့် မြေကွက်(၃)ကွက် စုစုပေါင်းဧရိယာ (၆၈. ၂၅)ဧက အကျယ်အဝန်းရှိမြေနေရာ (နောင်တွင် "ငှားရမ်းသည့်မြေ" ဟုခေါ်ဆိုမည်)ကို ငှားရမ်းလိုသောဆန္ဒရှိပြီး၊ "မြေငှားရမ်းသူ"ကလည်း အောက်တွင်ဖော်ပြသည့် စည်းကမ်းချက်များနှင့်အညီ "ငှားရမ်းသည့်မြေ" တွင် လျှပ်စစ်ဓါတ်အားရောင်းချဖြန့်ဖြူးရန် လိုအပ်သည့်မီးစက်ရုံအပါအဝင် အထောက်အကူပြုအဆောက်အအုံများ ဆောက်လုပ်ဆောင်ရွက်ရန်အတွက် ငှားရမ်းလိုပါသဖြင့် ဤမြေငှားစာချုပ်ကို အောက်ဖော်ပြပါ စည်းကမ်းချက်များကို နှစ်ဘက်သဘောတူညီနိုင်းသတ်မှတ်ပြီး လက်မှတ်ရေးထိုးချုပ်ဆိုကြပါသည် -

Land Lease Agreement (Page2/4)

REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း

REVENUE STAMP

၄၀၀ကျပ် K 400

<u>သဘောတူစည်းကမ်းချက်များ</u>

၁။ ငှားရမ်းသည့်မြေနေရာမှာ မွန်ပြည်နယ်၊ ရေးမြို့နယ် (မြောက်ဘက်)၊ သပြေကျေးရွာအနီး၊ မြေနေရာ (၅. ၅၆)ဧက၊ သပြေကျေးရွာအနီး ပင်လယ်ကမ်းစပ်ရှိ မြေနေရာ (၄၇. ၂၈) ဧကနှင့် လမိုင်းကျေးရွာအနီး မြေ (၁၅. ၄) ဧက၊ စုစုပေါင်း (၆၈. ၂၅) ဧက (ပူးတွဲမြေပုံများတွင် အစိမ်းရောင်ချယ် မြေကွက်များ) ဖြစ်ပါသည်။

၂။ အထက်ဖော်ပြပါ ငှားရမ်းမြေများကို နှစ်ပေါင်း ၅၀ နှစ်ဖြစ်သောကာလအတွက် တစ်ဧကလျှင် ကျပ်သိန်း ၈၀၀၀၀၀၀/(ကျပ်သိန်းရှစ်ဆယ် တိတိ) နှုန်းဖြင့် ငှားရမ်းမည်ဖြစ်ရာ နှစ်၅၀အတွက်စုစုပေါင်း ငှားရမ်းခငွေကျပ် ၅၄၆၀၀၀၀၀၀/(ကျပ်ငါးထောင်လေးရာ ခြောက်ဆယ်သိန်း တိတိ) ဖြစ်၍ တစ်နှစ်လျှင်ကျသင့်သည့် ငှားရမ်းခငွေသည် ကျပ် ၁၀၉၂၀၀၀၀/(ကျပ်တစ်ရာ့ကိုးသိန်းနှစ်သောင်းတိတိ)ကျသင့်ကြောင်း နှစ်ဘက်သဘောတူကြပါသည်။

၃။ ငှားရမ်းသက်တမ်းကာလမှာ ဤစာချုပ်စတင်ချုပ်ဆိုပြီး ငွေပေးချေသည့်နေ့ (၁-၁-၂၀၁၈) မှ (၃၁. ၁၂. ၂၀၆၇) ထိ အနှစ် (၅၀) ဖြစ်သည်။

၄။ ဤမြေငှားစာချုပ်သည် စာချုပ်ပေါ်တွင် နှစ်ဦးနှစ်ဘက် လက်မှတ်ရေးထိုးသည့်နေ့မှ စတင်၍ အကျိုးသက်ရောက်မှု ရှိသည်။

၅။ ငှားရမ်းခငွေများကို နှစ်စဉ် ကြိုတင်ပေးချေသွားရန် သဘောတူကြပါသဖြင့် တစ်နှစ်လျှင် ဧက (၆၈. ၂၅)အတွက် ကျသင့်ငွေ ကျပ် ၁၀၉၂၀၀၀၀/ ( ကျပ်တစ်ရာ့ ကိုးသိန်း နှစ်သောင်း တိတိ ) အား ဤငှားရမ်းချုပ်ဆိုသည့်ရက် (၁-၁-၂၀၁၈)နေ့တွင် ငှားရမ်းသူဦးကျော်ဖြိုးထွန်းမှပေးချေပြီး မြေပိုင်ရှင်ဦးစိန်ဝမ်းမှလည်း လက်ခံရရှိကြောင်း ဝန်ခံပါသည်။

၆။ "မြေငှားရမ်းသူ" သည် "မြေပိုင်ဆိုင်သူ" အား အောက်ပါအတိုင်း ကတိဝန်ခံချက်ပြုပါသည်-

(က) "ငှားရမ်းသည့်မြေ" ၏ အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ ထပ်ဆင့်အငှားချထားခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်းမပြုရန်။

(ခ) "ငှားရမ်းသည့်မြေ" ပေါ်တွင် ဥပဒေနှင့်ငြိစွန်းသော လုပ်ငန်းများကို လုပ်ဆောင်ခြင်းမပြုရန်။

(ဂ) "မြေပိုင်ဆိုင်သူ" ကိုယ်စား တာဝန်ပေးအပ်ခံရသူများ လာရောက်ပါက ဝင်ရောက်ခွင့်ပြုရန်။

(ဃ) "ငှားရမ်းသည့်မြေ" ၏ အားလုံး (သို့မဟုတ်) တစ်စိတ်တစ်ဒေသအပေါ်၌ စီးပွားရေးလုပ်ငန်းလုပ်ဆောင်မှုအတွက် ပေးဆောင်ရန်ရှိသော အခွန်အခများ (မြေခွန်မပါ) ကို ပေးဆောင်ရန်၊

၇။ "မြေပိုင်ဆိုင်သူ" သည် "မြေငှားရမ်းသူ" အား အောက်ပါအတိုင်း ကတိဝန်ခံချက်ပြုပါသည် -

(က) "မြေပိုင်ဆိုင်သူ" သည် "ငှားရမ်းသည့်မြေ" အား လက်ရောက်ပေးအပ် ငှားရမ်းရမည်။

(ခ) "မြေငှားရမ်းသူ" အား မြေငှားစာချုပ် သက်တမ်းကာလအတွင်း မည်သည့်အနှောင့်အယှက် အဟန့်အတားမရှိစေဘဲ လုပ်ငန်းများဆောင်ရွက်ခွင့် ပြုပေးရမည်။

(ဂ) "မြေပိုင်ဆိုင်သူ" သည် "ငှားရမ်းသည့်မြေ" အတွက် မြေခွန်ကို ပေးဆောင်ရမည်။

၈။ "မြေငှားရမ်းသူ"သည် ဤမြေငှားစာချုပ် ချုပ်ဆိုမှုကြောင့် ပေါ်ပေါက်လာသည့် တံဆိပ်ခေါင်းခွန်ကို ပေးဆောင်ရန်နှင့် အဆိုပါ မြေပေါ်တွင် လုပ်ငန်းဆောင်ရွက်မှုကြောင့် ပေါ်ပေါက်သည့် အခြားအခွန်အခ အရပ်ရပ်ကို ပေးဆောင်ရန် တာဝန်ရှိ ပါသည်။




၉။ ဤမြေငှားစာချုပ်ပါ အချက်အလက်များကို ပြင်ဆင်မည်ဆိုပါက "မြေပိုင်ဆိုင်သူ" နှင့် "မြေငှားရမ်းသူ" နှစ်ဦးနှစ်ဘက် သဘောတူညီချက်ဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရယူပြီး ပြင်ဆင်ခွင့်ရှိသည်။

၁၀။ "မြေငှားရမ်းသူ" သည် ငှားရမ်းမြေပေါ်တွင် လုပ်ငန်းဆောင်ရွက်စဉ် အရေးကြီးသောမည်သည့်ပစ္စည်း တွေ့ရှိမှုကိုမဆို "မြေပိုင်ဆိုင်သူ"ထံသို့ ချက်ခြင်းအသိပေးအကြောင်းကြားရန် သဘောတူပါသည်။ (ဥပမာ၊ ရှေးဟောင်းပစ္စည်းများ၊ သဘာဝသယံဇာတပစ္စည်းစသည်များ)

၁၁။ "မြေငှားရမ်းသူ" အနေဖြင့် "ငှားရမ်းသည့်မြေ" သို့မဟုတ် ၎င်းမြေ၏ တစ်စိတ်တစ်ဒေသပေါ်တွင် ဆောင်ရွက်သည့် လုပ်ငန်းများကြောင့် ပေါ်ပေါက်သည့် မည်သည့်လျော်ကြေးတောင်းဆိုမှုကိုမဆို "မြေပိုင်ဆိုင်သူ" အပေါ်တွင် တာဝန်မရှိရန် သဘောတူညီသည်။

၁၂။ "မြေငှားရမ်းသူ" သည် ဤမြေငှားစာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း၊ ဖေါက်ဖျက်ခြင်းရှိပါက အဆိုပါပျက်ကွက်မှုများအတွက် "မြေပိုင်ဆိုင်သူ" က ထုတ်ပြန်သည့် အကြောင်းကြားစာရပြီး ရက်ပေါင်း(၃၀)အတွင်း ပြန်လည်ပြင်ဆင်ရမည်။ သတ်မှတ်ရက်အတွင်း ပြန်လည်ပြင်ဆင်ခြင်းမပြုခဲ့ပါက "မြေပိုင်ဆိုင်သူ" သည် ဤစာချုပ်ပါ "ငှားရမ်းသည့်မြေ" အား ပြန်လည်သိမ်းယူခွင့်ရှိသည်။ ထိုသို့ သိမ်းယူပြီးချိန်မှစ၍ မြေငှားရမ်းမှုကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုချက်ဖြင့်သာ ရပ်စဲရမည်။

၁၃။ "မြေငှားရမ်းသူ" ၏ ပေါ့ဆမှုကြောင့် ဖြစ်ပေါ်လာသောဆုံးရှုံးမှုများအတွက် သက်ဆိုင်ရာ "မြေငှားရမ်းသူ" တွင်သာ တာဝန်ရှိကြောင်း သဘောတူညီကြပါသည်။

၁၄။ ဤမြေငှားစာချုပ်သက်တမ်းအတွင်း မလွန်ဆန်နိုင်သောဖြစ်ရပ်များကြောင့် (သဘာဝဘေးအန္တရာယ်၊ စစ်ဖြစ်ခြင်း၊ နိုင်ငံတော်အစိုးရ၏ တားမြစ်ကန့်သတ်ချက်၊ တရားဥပဒေစိုးမိုးမှုပျက်ပြားခြင်း၊ သပိတ်မှောက်ခြင်း၊ စသည်များ) ငှားရမ်းခြင်းကို ထိခိုက်ဆုံးရှုံးခဲ့ပါက ၎င်းအတွက် "မြေပိုင်ဆိုင်သူ" ထံသို့ လျော်ကြေးတောင်းခံခွင့်မရှိကြောင်း သဘောတူပါသည်။ သို့ရာတွင် ၎င်းဖြစ်ရပ်အခြေအနေအား "မြေပိုင်ဆိုင်သူ" ထံသို့ (၁၀)ရက်အတွင်း စာဖြင့်ပေးပို့အကြောင်းကြားပြီး၊ "မြေပိုင်ဆိုင်သူ" ကလည်း လက်ခံအတည်ပြုပါက ၎င်းဖြစ်ရပ်ကာလအတွက် မြေငှားရမ်းခကို သက်သာလျှော့ပေါ့ခွင့်ပြုနိုင်သည်။

၁၅။ ဤစာချုပ်နှင့်ပတ်သက်၍ အငြင်းပွားမှု တစုံတရာပေါ်ပေါက်ပါက နှစ်ဦးနှစ်ဘက်ပြေလည်စွာ ညှိနှိုင်းဖြေရှင်းရန်နှင့် ဖြေရှင်းမရပါက ဥပဒေနှင့်အညီ သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသော တရားရုံး၏ အဆုံးအဖြတ်ကို လိုက်နာခံယူကြမည်

၁၆။ ဤမြေငှားစာချုပ်ကို အကြောင်းတစ်ရပ်ရပ်ကြောင့် ရပ်စဲလိုပါက ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြ၍ နှစ်ဘက်သဘောတူညီချက်ဖြင့် မြေငှားစာချုပ်ကို ရပ်စဲနိုင်သည်။

၁၇။ ဤမြေငှားစာချုပ် ငှားရမ်းသက်တမ်းကာလ ကုန်ဆုံးပြီးနောက် ဆက်လက်ငှားရမ်းကြရန် ဆန္ဒရှိခဲ့ပါက ငှားရမ်းသက်တမ်း မကုန်ဆုံးမီ (၆)လအတွင်း နှစ်ဦးနှစ်ဘက်လုံးမှ ကြိုတင်ညှိနှိုင်း၍ သက်တမ်းတိုးမြှင့်ခြင်းဆိုင်ရာစည်းကမ်းများ၊ သတ်မှတ်နှုန်းထားများနှင့်အညီ ဆက်လက်သက်တမ်းတိုးချုပ်ဆိုရန် သဘောတူကြပါသည်။

REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း

REVENUE STAMP

၄၀၀ကျပ် ငွေလေးရာကျပ် K 400

၁၈။ ဤမြေငှားစာချုပ်သက်တမ်း တိုးမြှင့်ခြင်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြအတည်ပြုချက်ရယူပြီး အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်မည်ဖြစ်သည်၊

၁၉၊ ငှားရမ်းစာချုပ်သက်တမ်းကုန်ဆုံးခြင်း သို့မဟုတ် ရပ်စဲခြင်းအတွက် "မြေငှားရမ်းသူ" က ဆောက်လုပ်ထားသော အဆောက်အဦးများကို တန်ဘိုးသတ်မှတ်ပြီး "မြေပိုင်ဆိုင်သူ"သို့ လွှဲပြောင်းနိုင်သည်၊ "မြေပိုင်ဆိုင်သူ" လက်ခံနိုင်ခြင်း မရှိပါက "မြေငှားရမ်းသူ" သည် မိမိအစီအစဉ်ဖြင့် ဖယ်ရှားပေးရမည်၊

အထက်ဖော်ပြပါ စာချုပ်ပါစည်းကမ်းချက်များကို နှစ်ဦးနှစ်ဘက် သေချာစွာဖတ်ရှုပြီး သိရှိသဘောတူပါသဖြင့် သက်သေထင်ရှားစေရန်အတွက် ဤမြေငှားစာချုပ်တွင် လက်မှတ်ရေးထိုးချုပ်ဆိုကြပါသည်၊

| ( မြေပိုင်ဆိုင်သူ ) | ( မြေငှားရမ်းသူ ) |
|---|---|
| အမည် - ဦးစိန်ဝမ်း | အမည် - ဦးကျော်ဖြိုးထွန်း |
| မှတ်ပုံတင် - ၁၂/ပဇတ(နိုင်)၀၂၆၂၈၀ | မှတ်ပုံတင် - ၁၂/ကမရ(နိုင်)၀၅၄၀၀၁ |

**အသိသက်သေများ**

| | |
|---|---|
| ၁။ အမည် - ဦးမျိုးတင့်ဇော် | ၁။ အမည် ဒေါ်ပြုံးချို |
| မှတ်ပုံတင် - [illegible] | မှတ်ပုံတင် [illegible] |
| နေရပ် - [illegible] | နေရပ် [illegible] |

## Appendix- 27 Land Lease Agreement (Amendment) (Page ½)

REPUBLIC OF THE UNION OF MYANMAR

REVENUE STAMP

၃၀၀ကျပ် K 300

### "နှစ်ဦးနှစ်ဘက်သဘောတူ မြေငှားရမ်းခြင်း ကတိစာချုပ်"
### (နောက်ဆက်တွဲပြင်ဆင်ချက်)

ရက်စွဲ။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ၊ ( ၁ )ရက်

ဤစာချုပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းကျေးရွာနှင့် သပြေကျေးရွာအနီးရှိ မြေနေရာ (၆၈.၂၄)ဧကအား အောက်ဖော်ပြပါ မြေပိုင်ဆိုင်သူ ဦးစိန်ဝမ်းကတစ်ဖက်နှင့် အောက်ဖော်ပြပါ မြေငှားရမ်းသူ ဦးကျော်ဖြိုးထွန်း (Managing Director/ Southern Myanmar Development Co., Ltd.) က တခြားတစ်ဖက် တို့အကြား နှစ်ရှည်ငှားရမ်းခြင်းအတွက်ချုပ်ဆိုသော မြေငှားစာချုပ် ဖြစ်ပါသည် -

မြေပိုင်ဆိုင်သူ ။ ။ ဦးစိန်ဝမ်း (၁၂/ပဗတ(နိုင်)၀၂၆၂၈၀)<br>
အမှတ်( L/66-68)၊ ခရေပင်လမ်း၊ FMI City Finger Lake၊<br>
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။<br>
ဖုန်း - + ၉၅ ၁ ၆၈၂၄၄၅<br>
(ပိုင်ဆိုင်ခွင့် အကျုံးဝင်သောမိသားစုဝင်များ၊ ၎င်း၏ဆက်ခံသူများနှင့် ခွင့်ပြုလွှဲအပ်သူများ ပါဝင်သည်ဟု မှတ်ယူရမည်)

မြေငှားရမ်းသူ ။ ။ ဦးကျော်ဖြိုးထွန်း (၁၂/ကမရ(နိုင်)၀၅၄၀ပ၁)<br>
မန်နေးဂျင်းဒါရိုက်တာ (Southern Myanmar Development Co., Ltd.)<br>
အမှတ် ( L/66-68)၊ ခရေပင်လမ်း၊ FMI City Finger Lake)၊<br>
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။<br>
ဖုန်း - ၀၉ ၅၀၉၈၇၆၅<br>
(၎င်း၏တရားဝင်ကိုယ်စားလှယ်များ၊ ဆက်ခံသူများနှင့် ခွင့်ပြုလွှဲအပ်သူများ ပါဝင်သည်ဟုသတ်မှတ်ရမည်။)

၁။ "မြေပိုင်ဆိုင်သူ" သည် "ငှားရမ်းသည့်မြေ" ကို ဥပဒေအရ တရားဝင်ပိုင်ဆိုင်ခွင့်ရှိကြောင်း တာဝန်ခံလျှက် အာမခံချက်ပေးပါသည်။

၂။(က) "မြေပိုင်ဆိုင်သူ" သည် မွန်ပြည်နယ်၊ ရေးမြို့နယ် မြောက်ဘက် သပြေကျေးရွာနှင့် လမိုင်းကျေးရွာအနီးရှိ ပူတွဲပါ မြေပုံတွင် အစိမ်းရောင်ချယ်ထားသည့် မြေကွက်(၃)ကွက် စုစုပေါင်းဧရိယာ (၆၈.၂၄)ဧက အကျယ်အဝန်းရှိ မြေနေရာ (နောင်တွင် "ငှားရမ်းသည့်မြေ" ဟုခေါ်ဆိုမည်)ကို ငှားရမ်းလိုသောဆန္ဒရှိပြီး၊ "မြေငှားရမ်းသူ" ကလည်း အောက်တွင်ဖော်ပြသည့် စည်းကမ်းချက်များနှင့်အညီ "ငှားရမ်းသည့်မြေ" တွင် လျှပ်စစ်ဓာတ်အားရောင်းချ ဖြန့်ဖြူးရန် လိုအပ်သည့်မီးစက်ရုံအပါအဝင် အထောက်အကူပြုအဆောက်အအုံများ ဆောက်လုပ်ဆောင်ရွက်ရန်အတွက် (၁.၁.၂၀၁၈)နေ့စွဲပါ နှစ်ဖက်သဘောတူမြေငှားရမ်းခြင်းကတိစာချုပ်ဖြင့် ငှားရမ်းခဲ့ပါသည်။

(ခ) သို့ရာတွင် အဆိုပါစုစုပေါင်းမြေဧရိယာ(၆၈.၂၄)ဧကအနက် (က)၂၀.၉၆ ဧကကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းအတွက်နှင့် (ခ) ကျန်မြေ (၄၇.၂၈)ဧကကို Oil & Gas Pipe Line Jetty Project အတွက် အသုံးချရန် လိုအပ်လာပါသည်။

## Land Lease Agreement (Amendment) (Page 2/2)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၃၀၀ ကျပ် ငွေသုံးရာကျပ် K 300

(ဂ) ထို့ကြောင့် (၁.၁.၂၀၁၈)နေ့စွဲပါ နှစ်ဦးနှစ်ဘက်သဘောတူမြေငှားရမ်းခြင်းကတိစာချုပ်ကို အောက်ပါအတိုင်းပြင်ဆင် သတ်မှတ်ကြရန် သဘောတူကြပါသည်။

၃။ <u>ပြင်ဆင်သဘောတူညီချက်</u>

(က) (၁.၁.၂၀၁၈)ရက်နေ့ စာချုပ် စာပိုဒ် (ခ) တွင်ပါရှိသော စုစုပေါင်းမြေဧရိယာ (၆၈.၂၅) ဧကအစား (၆၈.၂၄)ဧကဟုလည်းကောင်း

(ခ) စုစုပေါင်းမြေဧရိယာ (၆၈.၂၄)ဧကအနက်မှ (၂၀.၉၆)ဧကကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်း လုပ်ငန်းအတွက်လည်းကောင်း

(ဂ) ကျန်မြေဧရိယာ (၄၇.၂၈) ဧကကို Oil & Gas Pipe Line Jetty Project လုပ်ငန်းအတွက်လည်းကောင်း အသုံးပြုရန်နှင့်

(ဃ) မြေငှားရမ်းခများအားလုံးကို ပြောင်းလဲခြင်းမရှိဘဲ ယခင်စာချုပ်အတိုင်းသာ ပေးချေ/ရယူကြရန် သဘောတူ ကြပါသည်။

၄။ မူလမြေငှားခြင်းစာချုပ်တွင် ဖော်ပြထားသော စည်းမျဉ်းစည်းကမ်းများကို ပြင်ဆင်ခြင်းမပြုဘဲ ဆက်လက်လိုက်နာ သွားကြပါမည်။

၅။ စာချုပ်ကို ပြင်ဆင်မွမ်းမံရန်ကိစ္စပေါ်ပေါက်ပါက နှစ်ဖက်သဘောတူညီနိုင်းလျှက် စာဖြင့်ရေးသားလက်မှတ်ရေးထိုး လျှက် အတည်ပြုကြရမည်ဖြစ်ကြောင်း သဘောတူကြပါသည်။

အထက်ဖော်ပြပါ စာချုပ်ပါစည်းကမ်းချက်များကို နှစ်ဦးနှစ်ဘက် သေချာစွာဖတ်ရှုပြီး သိရှိသဘောတူပါသဖြင့် သက်သေထင်ရှားစေရန်အတွက် ဤမြေငှားစာချုပ်တွင် လက်မှတ်ရေးထိုးချုပ်ဆိုကြပါသည်။

| <u>( မြေပိုင်ဆိုင်သူ )</u> | | <u>( မြေငှားရမ်းသူ )</u> | |
|---|---|---|---|
| အမည် | - ဦးစိန်ဝင်း | အမည် | - ဦးကျော်ဖြိုးထွန်း |
| မှတ်ပုံတင် | - ၁၂/ပဇတ(နိုင်)၀၂၆၂၈၀ | မှတ်ပုံတင် | - ၁၂/ကမရ(နိုင်)၀၅၄၀၀၁ |

<u>အသိသက်သေများ</u>

| | | | | |
|---|---|---|---|---|
| ၁။ | အမည် | - ဦးမျိုးတင့်ဇော် | အမည် | - ဒေါ်ပြုံးချို |
| | မှတ်ပုံတင် | - [illegible] | မှတ်ပုံတင် | - [illegible] |
| | နေရပ် | - [illegible] | နေရပ် | - [illegible] |

## Appendix- 28 Comment Reply Table

Southern Myanmar Development Co., Ltd. မှ မွန်ပြည်နယ်ရေးမြို့နယ်၊ သပြေကျေးရွာအနီးခန့်မှန်းမြေပုံအညွှန်း (15 36°19°N 9*402*E) တွင် လုပ်ကိုင်ဆောင်ရွက်နေသည့် ဒီဇယ်ဖြင့် မောင်းနှင့်သည့် မီးစက်များဖြင့် ၁၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအတွက် တင်ပြလာသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ အပေါ် စိစစ်တွေ့ရှိချက်၊သုံးသပ်အကြံပြုချက်များနှင့် ပြန်လည်ဖြေကြားချက်များ

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| ၁။ | မာတိကာ | | |
| | • Table of Contents, List of figures, List of Table, List of Appendix အခန်းများပါဝင်သော၊ အခန်းအားလုံးကို ခြုံငုံသော မာတိကာအား ဖော်ပြထားပါသည်။ | • အစီရင်ခံစာတွင် ရည်ညွှန်းကိုးကားချက်များ Referenceရယူထားသော အချက်အလက်များအား မာတိကာတွင် ဖော်ပြပေးရန်၊ | • အစီရင်ခံစာတွင် ရည်ညွှန်း ကိုးကားချက်များ Reference ရယူထားသော အချက်အလက်များအား မာတိကာ၏ စာမျက်နှာ (vii) တွင် ဖော်ပြထားပါသည်။ |
| ၂။ | အတိုကောက်စာလုံးများနှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်များ | | |
| | • ဖော်ပြထားပါသည်။ | • အထူးသဘောထားမှတ်ချက်ပေးရန် မရှိပါ။ | |
| ၃။ | အကျဉ်းချုပ် အစီရင်ခံစာ | | |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| | • အကျဉ်းချုပ်အစီရင်ခံစာအခန်းအား စာမျက်နှာ(၁-၁၅)တွင် ဖော်ပြထား ကြောင်း စိစစ်တွေ့ရှိရပါသည်။<br>• မြန်မာ၊အင်္ဂလိပ် (၂) ဘာသာဖြင့် ဖော်ပြထားပါသည်။<br>• စီမံကိန်းတည်နေရာ၊ စီမံကိန်းလုပ်ငန်းဆိုင်ရာ အစိတ်အပိုင်းများ၊ စီမံကိန်း နောက်ခံအကြောင်းအရာ၊ အစီရင်ခံစာရေးဆွဲသည့် အဖွဲ့အစည်း၊ ဥပဒေ နှင့်အဖွဲ့အစည်းဆိုင်ရာမူဝါဒ(၂၀ခု)၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ များဖော်ပြချက်၊ သက်ရောက်မှုများကို ဆန်းစစ်ခြင်းနှင့်လျှော့ချရေးနည်း လမ်းများအကျဉ်းချုပ်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များ အကျဉ်းချုပ် တို့အား ယေဘုယျဖော်ပြထားပါသည်။<br>• စီမံကိန်းသည် ၂၀၁၉ ခုနှစ်မှစ၍ လည်ပတ်နေခဲ့ပြီးဖြစ်သောကြောင့် | • ဒေသခံပြည်သူများနှင့်ချိတ်ဆက်ဆော င်ရွက်ရေးအစီအစဉ်အကျဉ်းချုပ်အား ထည့်သွင်းဖော်ပြရန်၊<br>• စီမံကိန်းအကောင်အထည်ဖော်မှု အပိုင်းအားလုံး (Electrical Power Generation, Transmission and Distribution System) တွင် ဖြစ်ပေါ်နိုင်သည့် သိသာထင်ရှားသော ပတ်ဝန်းကျင်နှင့်လူမှုစီးပွားအပေါ် ထိခိုက်မှု၊တစ်ခုချင်းစီနှင့် ရွေးချယ်ထားသည့် အခြားဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် ၎င်းတို့ ရွေးချယ်ရသည့် ကျိုးကြောင်း ရှင်းလင်းဖော်ပြချက် အကျဉ်းချုပ်အား ထည့်သွင်းဖော်ပြရန်၊<br>• စီမံကိန်းအဆိုပြုသူကိုယ်တိုင်နှင့် အကောင်အထည်ဖော်မည့် အဖွဲ့အစည်းတို့မှ စီမံကိန်း | • ဒေသခံပြည်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရေး အစီအစဉ် အကျဉ်းချုပ်အား အစီရင်ခံစာ၏ စာမျက်နှာ (၁၂) တွင် ဖော်ပြထားပါသည်။<br>• စီမံကိန်း အကောင်အထည်ဖော်မှု အပိုင်းအားလုံး (Electrical Power Generation, Transmission and Distribution System) တွင် ဖြစ်ပေါ်နိုင်သည့် သိသာထင်ရှားသော ပတ်ဝန်းကျင်နှင့် လူမှုစီးပွားအပေါ် ထိခိုက်မှုများ၊ တစ်ခုချင်းစီနှင့် ရွေးချယ်ထားသည့် အခြားဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ ၎င်းတို့ရွေးချယ်ရသည့် ကျိုးကြောင်း ရှင်းလင်းဖော်ပြချက် အကျဉ်းချုပ်အား အစီရင်ခံစာ၏ စာမျက်နှာ ( ၃၊ ၄ နှင့် ၆ ) တွင် ပြင်ဆင် ဖော်ပြထားပါသည်။ |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| | အစီရင်ခံစာတွင် တည်ဆောက်ခြင်းကာလအတွက် ထည့်သွင်းစဉ်းစားခြင်း မရှိကြောင်း ဖော်ပြထားပါသည်။<br>• ၂၀၂၀ ခုနှစ်ဇွန်လ (၂၄၊၂၅) ရက်တို့တွင် စီမံကိန်းတည်နေရာ၌ လေ/ရေ/ ဆူညံသံများအား တိုင်းတာခဲ့ကြောင်းနှင့် အခြား Parametersများသည် NEQEG Guideline အတွင်းရှိသော်လည်း $SO_2$သည် Guideline ထက် ကျော်လွန်နေကြောင်း ဖော်ပြထားပါသည်။ | တစ်ခုချင်းစီအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်တို့အား အကောင်အထည်ဖော်မည့် အကျဉ်းချုပ်အား ဖော်ပြရန်၊ | • စီမံကိန်း အဆိုပြုသူကိုယ်တိုင်နှင့် အကောင်အထည်ဖော်မည့် အဖွဲ့အစည်းတို့မှ စီမံကိန်း တစ်ခုချင်းစီအတွက် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်တို့အား အကောင်အထည်ဖော်မည့် အကျဉ်းချုပ်အား အစီရင်ခံစာ၏ စာမျက်နှာ (၈) တွင် ပြင်ဆင် ဖော်ပြထားပါသည်။ |
| ၄။ | နိဒါန်း | | |
| | • စီမံကိန်း၏နောက်ခံအကြောင်းအရာ၊ လုပ်ငန်းလုပ်ကိုင်သူဆိုင်ရာ အချက် အလက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား ရေးဆွဲသည့်ပုဂ္ဂိုလ် ၏အချက်အလက်များနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားတို့အား | • တစ်ဖက်ပါ အကြောင်းအရာများအား နိဒါန်းခေါင်းစဉ်အောက်တွင် သီးသန့်ဖော်ပြရန်၊ | • စီမံကိန်း၏ နောက်ခံအကြောင်းအရာ၊ လုပ်ငန်းလုပ်ကိုင်သူဆိုင်ရာ အချက် အလက်များနှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်အား ရေးဆွဲသည့်ပုဂ္ဂိုလ်၏ အချက်အလက်များနှင့် ရင်းနှီးမြှုပ်နှံမှု |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| | ဖော်ပြထားသော်လည်း စီမံကိန်းအကြောင်း အရာခေါင်းစဉ်အောက်တွင် ရောနှောဖော်ပြထားကြောင်း စိစစ်တွေ့ ရှိရပါသည်။ | | လုပ်ငန်း အမျိုးအစားတို့အား နိဒါန်း ခေါင်းစဉ်အောက်ရှိ စာမျက်နှာ (၂၈၊ ၂၉၊၃၀၊၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၆၊၃၇ ) တို့တွင် သီးသန့် ဖော်ပြထားပါသည်။ |
| ၅။ | ကတိကဝတ် | | |
| | • ကတိကဝတ်အခန်းအား ထည့်သွင်းဖော်ပြထားခြင်းမရှိကြောင်း စိစစ် တွေ့ရှိရပါသည်။ | • အစီရင်ခံစာတွင် ကတိကဝတ်အား အခန်း(၁)ခန်းအနေဖြင့် သီးခြားဖော်ပြရန်၊<br>• စီမံကိန်းအဆိုပြုသူ(လုပ်ငန်းရှင်)သည် အောက်ဖော်ပြပါအချက်များအား ကတိကဝတ်ပြုဖော်ပြရန်၊<br>• ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်သည် တိကျခိုင်မာကြောင်းနှင့်ပြည့်စုံကြောင်း<br>• ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပါအဝင် သက်ဆိုင်ရာဥပဒေများကို တိကျစွာ လိုက်နာ၍ | • အစီရင်ခံစာတွင် ကတိကဝတ်အား စာမျက်နှာ (၃၈) တွင် အခန်း(၁) ခန်းအနေဖြင့် သီးသန့် ဖော်ပြထားပါသည်။<br>• စီမံကိန်းအဆိုပြုသူ (လုပ်ငန်းရှင်) ၏ အောက်ဖော်ပြပါ ကတိကဝတ်များကို အမည်၊ လက်မှတ်၊ ရာထူး၊ သက်ဆိုင်ရာ တံဆိပ်တုံးနှင့်တကွ ကတိကဝတ်ပြုလက်မှတ် အပြည့်အစုံဖြင့် အစီရင်ခံစာ၏ စာမျက်နှာ (၄၂) တွင် ထည့်သွင်း ဖော်ပြထားပါသည်။ |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| | | ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို ရေးဆွဲထားကြောင်း၊<br>• စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ပါ ကတိကဝတ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျှော့ချရေးလုပ်ငန်းများနှင့်အစီအစဉ်များကို အပြည့်အဝ အစဉ်အမြဲ လိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊<br>• အစီရင်ခံစာ ပြုစုရေးသားသူသည် အောက်ဖော်ပြပါအချက်အား ကတိကဝတ်ပြု ဖော်ပြရန် လိုအပ်ကြောင်း၊<br>• အစီရင်ခံစာပါ အကြောင်းအရာများသည် တိကျမှန်ကန်ကြောင်းနှင့် ပြည့်စုံ ကြောင်း၊ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ရေးသားထားကြောင်း၊ | • ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်သည် တိကျခိုင်မာကြောင်းနှင့်ပြည့်စုံကြောင်း<br>• ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပါအဝင် သက်ဆိုင်ရာဥပဒေများကို တိကျစွာ လိုက်နာ၍ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်ကို ရေးဆွဲထားကြောင်း၊<br>• စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ပါ ကတိကဝတ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျှော့ချရေးလုပ်ငန်းများ နှင့်အစီအစဉ်များကို အပြည့်အဝ အစဉ်အမြဲ လိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊<br>• အစီရင်ခံစာ ပြုစုရေးသားသူ၏ အောက်ဖော်ပြပါ ကတိကဝတ်များကို အမည်၊ လက်မှတ်၊ ရာထူး၊ သက်ဆိုင်ရာ တံဆိပ်တုံးနှင့်တကွ ကတိကဝတ်ပြုလက်မှတ် |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| | | • အထက်ဖော်ပြပါပုဂ္ဂိုလ်များ၏ ကတိကဝတ်များအား ဖော်ပြရာတွင် အမည်၊ လက်မှတ်၊ ရာထူးနှင့်သက်ဆိုင်ရာ တံဆိပ်တုံးနှင့်တကွ ကတိကဝတ် ပြုလက်မှတ် ရေးထိုးဖော်ပြရန်။ | အပြည့်အစုံဖြင့် အစီရင်ခံစာ၏ စာမျက်နှာ (၄၃) တွင် ထည့်သွင်း ဖော်ပြထားပါသည်။<br>• အစီရင်ခံစာပါ အကြောင်းအရာများသည် တိကျမှန်ကန်ကြောင်းနှင့် ပြည့်စုံကြောင်း၊ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ရေးသားထားကြောင်း၊ |
| ၆။ | မူဝါဒဥပဒေနှင့်အဖွဲ့အစည်းဆိုင်ရာမူဘောင် | | |
| | • မူဝါဒ၊ ဥပဒေနှင့်အဖွဲ့အစည်းဆိုင်ရာမူဘောင်အခန်း တွင် စီမံကိန်းနှင့် မူဝါဒ၊ ဥပဒေနှင့်အဖွဲ့အစည်းဆိုင်ရာ မူဘောင်များအခန်းတွင် အောက်ဖော်ပြပါ ပတ်သက်၍ လိုက်နာဆောင်ရွက်မည့် ဥပဒေ၊ နည်းဥပဒေများအား | မူဝါဒ၊ဥပဒေနှင့်  အဖွဲ့အစည်းဆိုင်ရာ မူဘောင်များအခန်းတွင် အောက်ဖော်ပြပါလိုက်နာဆောင်ရွက်ရမည့်ဥပဒေ၊ နည်းဥပဒေများအား ထပ်မံထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်-<br>➢ လျှပ်စစ်ဥပဒေ<br>➢ လျှပ်စစ်နည်းဥပဒေများ | မူဝါဒ၊ဥပဒေနှင့်  အဖွဲ့အစည်းဆိုင်ရာ မူဘောင်များအခန်းတွင် အောက်ဖော်ပြပါ လိုက်နာဆောင်ရွက်ရမည့်ဥပဒေ၊ နည်းဥပဒေများအား အစီရင်ခံစာ၏ အခန်း (၄) တွင်  ဖော်ပြထားပါသည်။<br>➢ လျှပ်စစ်ဥပဒေ<br>➢ လျှပ်စစ်နည်းဥပဒေများ |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| | ဖော်ပြထားသော်လည်း ထပ်မံဖြည့်စွက်ရန်လိုအပ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ | ➢ လျှပ်စစ်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (၁၉၈၅)<br>➢ မြေယာလျော်ကြေးဥပဒေ<br>➢ လမ်းမကြီးများဥပဒေ<br>➢ မြေယာသိမ်းဆည်းမှုဥပဒေ<br>➢ လယ်ယာမြေဥပဒေ<br>➢ တိုင်းရင်းသားလူမျိုးများအခွင့်အရေးများ၊ ကာကွယ်စောင့်ရှောက်ရေးဥပဒေ၊ နည်းဥပဒေများ။<br>➢ အလုပ်သမားအဖွဲ့အစည်းဥပဒေ<br>➢ အလုပ်သမားအငြင်းပွားမှုဖြေရှင်းရေးဥပဒေ<br>➢ အခကြေးငွေပေးချေရေးဥပဒေ<br>➢ ခွင့်နှင့်အလုပ်ပိတ်ရက်များအက်ဥပဒေ | ➢ လျှပ်စစ်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (၁၉၈၅)<br>➢ မြေယာလျော်ကြေးဥပဒေ<br>➢ လမ်းမကြီးများဥပဒေ<br>➢ မြေယာသိမ်းဆည်းမှုဥပဒေ<br>➢ လယ်ယာမြေဥပဒေ<br>➢ တိုင်းရင်းသားလူမျိုးများအခွင့်အရေးများ၊<br>➢ ကာကွယ်စောင့်ရှောက်ရေးဥပဒေ၊ နည်းဥပဒေများ။<br>➢ အလုပ်သမားအဖွဲ့အစည်းဥပဒေ<br>➢ အလုပ်သမားအငြင်းပွားမှုဖြေရှင်းရေးဥပဒေ<br>➢ အခကြေးငွေပေးချေရေးဥပဒေ<br>➢ ခွင့်နှင့်အလုပ်ပိတ်ရက်များအက်ဥပဒေ |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| | | ➢ ကူးစက်ရောဂါများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ<br>➢ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေနည်းဥပဒေများ<br>➢ မော်တော်ယာဉ်ဥပဒေ<br>➢ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် ပါဝင်သော စွန့်ထုတ်အရည်ဆိုင်ရာစံချိန်စံညွှန်း (၂.၁.၁၀)<br>➢ မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေ ပြင်ဆင်သည့် ဥပဒေ<br>• စီမံကိန်းအဆိုပြုသူသည် အထက်ဖော်ပြပါ ဥပဒေ၊ | ➢ ကူးစက်ရောဂါများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ<br>➢ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေး ဥပဒေနည်းဥပဒေများ<br>➢ မော်တော်ယာဉ်ဥပဒေ<br>➢ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် ပါဝင်သော စွန့်ထုတ်အရည်ဆိုင်ရာစံချိန်စံညွှန်း (၂.၁.၁၀)<br>➢ မြေလွတ်မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေ ပြင်ဆင်သည့် ဥပဒေ<br>• ထပ်မံ၍ လုပ်ငန်းနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများ၊ စံချိန်စံညွှန်းနှင့် လမ်းညွှန်ချက်များအား |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| | | နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည့်အပြင် ထပ်မံ၍ လုပ်ငန်းနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများ၊ စံချိန်စံညွှန်းနှင့် လမ်းညွှန်ချက်များအား ထပ်မံထည့်သွင်းဖော်ပြရန်၊<br>• လုပ်ငန်းကြောင့် အဓိကဖြစ်ပေါ်နိုင်မည့် သက်ရောက်မှုအပေါ် အခြေခံ၍ လုပ်ငန်းရှင်မှ လက်တွေ့တွင် လိုက်နာသင့်သည် သို့မဟုတ် လိုက်နာနိုင်သည် ပြည်တွင်း နှင့် ပြည်ပမှ အရည်အသွေးဆိုင်ရာစံချိန်စံညွှန်းများကို သတ်မှတ်ဖော်ပြရန်၊ | အစီရင်ခံစာ၏ အခန်း (၄) တွင် ဖော်ပြထားပါသည်။<br>• လုပ်ငန်းကြောင့် အဓိကဖြစ်ပေါ်နိုင်မည့် သက်ရောက်မှုအပေါ် အခြေခံ၍ လုပ်ငန်းရှင်မှ လက်တွေ့တွင် လိုက်နာသင့်သည် သို့မဟုတ် လိုက်နာနိုင်သည် ပြည်တွင်းနှင့် ပြည်ပမှ အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများကို အစီရင်ခံစာ၏ အခန်း (၄) (စာမျက်နှာ ၆၅ နှင့် ၆၆) တို့တွင် ဖော်ပြထားပါသည်။ |
| ၇။ | စီမံကိန်းအကြောင်းအရာဖော်ပြချက် | | |
| | • စီမံကိန်းအကြောင်းအရာဖော်ပြချက်တွင် စီမံကိန်းတည်နေရာအား ကွင်းအမှတ်၊ | • စီမံကိန်းအကြောင်းအရာဖော်ပြချက်တွင် စီမံကိန်းတည်နေရာအား | • စီမံကိန်းအကြောင်းအရာဖော်ပြချက်တွင် စီမံကိန်းတည်နေရာအား |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| | ကွင်းအမည်၊ မြေကွက်အမှတ်၊ ကျေးရွာအုပ်စုတို့အား ဖော်ပြရန် လိုအပ်ကြောင်း၊<br>• စာမျက်နှာ (၁၇၂) တွင် စီမံကိန်းအကြောင်းအရာဖော်ပြချက်အား ဖော်ပြထားသော်လည်း လိုအပ်ချက်များရှိနေသေးကြောင်း စိစစ်တွေ့ရှိရပါသည်-<br>• Electrical Power System တွင် Generation System, Transmission System and Distribution System ဟူ၍ အပိုင်း(၃)ပိုင်းရှိပြီး စီမံကိန်းလုပ်ငန်းအနေဖြင့် Generation System တွင် Diesel Generator အမျိုးအစားများအပြင် Electrical Devices, electrical equipment, Control devices, Switchyard တွင် အသုံးပြုသော (Transformers, Protection Relays, o Control devices) Generation System နှင့်ပတ်သက်သည့် အချက် | ကွင်းအမှတ်၊ ကွင်းအမည်၊ မြေကွက်အမှတ်၊ ကျေးရွာအုပ်စုတို့အား ဖော်ပြရန်၊<br>• Generation System တွင် Diesel Generator အမျိုးအစားများအပြင် Electrical Devices, electrical equipment, Control devices, Switchyard တွင် အသုံးပြုသော (Transformers, Protection Relays, စသည့်အခြား Control devices) Generation System နှင့် ပတ်သက်သည့် အချက်အလက်များ သီးသန့် ဖော်ပြရန်၊<br>• Transmission System တွင် Concrete Pole type, quantity prog Substation တွင် အသုံးပြုသော (Transformers, Control devices များ) သီးခြားဖော်ပြရန်၊ | ကွင်းအမှတ်၊ ကွင်းအမည်၊ မြေကွက်အမှတ်၊ ကျေးရွာအုပ်စုတို့အား အစီရင်ခံစာ၏ စာမျက်နှာ (၆၈) ရှိ ဇယား ၅-၁ တွင် ထပ်မံထည့်သွင်း ဖော်ပြထားပါသည်။<br>• Generation System တွင် Diesel Generator အမျိုးအစားများအပြင် Electrical Devices, electrical equipment, Control devices, Switchyard တွင် အသုံးပြုသော (Transformers, Protection Relays, စသည့်အခြား Control devices) Generation System နှင့် ပတ်သက်သည့် အချက်အလက်များကို အစီရင်ခံစာ၏ စာမျက်နှာ (၇၁ - ၇၇) ရှိ ဇယား (၅.၂ မှ ၅.၇) တို့တွင် သီးသန့် ဖော်ပြထားပါသည်။<br>• Transmission System တွင် Concrete Pole type, quantity prog |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| | အလက်များ သီးသန့်ဖော်ပြရန် လိုအပ်ကြောင်းTransmission System တွင် Concrete Pole type, quantity များအပြင် Substation တွင် အသုံးပြုသော (Transformers, Control devices များ) သီးခြားဖော်ပြရန် လိုအပ်ကြောင်း၊ Distribution System နှင့် သက်ဆိုင်သော Transformer အမျိုးအစား၊ အရေအတွက် များအခြား equipment များ အား သီးခြားဖော်ပြရန် လိုအပ်ကြောင်း စိစစ်တွေ့ရှိရပါသည်။<br>• စာမျက်နှာ (၁၈) Power Plant ၏ Generation System Process အား စာဖြင့်ရေးသားဖော်ပြခြင်းအပြင် Generation Flow chart သို့မဟုတ် ရုပ်ပုံကားချပ်ဖြင့် ဖော်ပြရန် လိုအပ်ကြောင်း၊<br>• စာမျက်နှာ (၁၉) ၊ ရေလိုအပ်ချက်တွင် စီမံကိန်းလုပ်ငန်းအတွက် အဝီစိတွင်းရေကို အသုံးပြုကြောင်း ဖော်ပြထားရာ | • Distribution System နှင့် သက်ဆိုင်သော Transformer အမျိုးအစားအရေအတွက်များ၊ အခြား equipment များအား သီးခြားဖော်ပြရန် လိုအပ်ကြောင်း၊<br>• စာမျက်နှာ (၁၈) Power Plant ၏ Generation System Process အား စာဖြင့် ရေးသားဖော်ပြခြင်းအပြင် Generation Flow chart သို့မဟုတ် ရုပ်ပုံကားချပ်ဖြင့် ဖော်ပြရန်၊ | Substation တွင် အသုံးပြုသော (Transformers, Control devices များ) ကို အစီရင်ခံစာ၏ စာမျက်နှာ (၇၇) ရှိ ဇယား (၅-၈ မှ ၅-၁၀) တို့တွင် သီးခြားဖော်ပြထားပါသည်။<br>• Distribution System နှင့် သက်ဆိုင်သော Transformer အမျိုးအစား အရေအတွက်များ၊ အခြား equipment များအား အစီရင်ခံစာ၏ စာမျက်နှာ (၇၈) တွင် သီးခြား ဖော်ပြထားပါသည်။<br>• ယခင်အစီရင်ခံစာ၏ စာမျက်နှာ (၁၈) Power Plant ၏ Generation System Process အား စာဖြင့် ရေးသားဖော်ပြခြင်းအပြင် Generation Flow chart သို့မဟုတ် ရုပ်ပုံကားချပ်ဖြင့် အစီရင်ခံစာ၏ စာမျက်နှာ (၈၂) တွင် ထည့်သွင်း ဖော်ပြထားပါသည်။ |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| | အဆိုပါတွင်းရေ၏ အရွယ်အစား၊ အနက်(ပေ)၊ တည်နေရာအား ဖော်ပြရန်လိုအပ်ကြောင်း၊ တစ်ရက်လျှင် လုပ်ငန်းသုံးအတွက် ရေ(၂၀၀၀)ဂါလံခန့်အသုံးပြုကြောင်း၊ နေ့စဉ်အသုံးပြုသည့်ရေ(၂၀၀၀)ဂါလံဟု ဖော်ပြထားသော်လည်း ရေအသုံးပြုပုံ ခန့်မှန်းတွက်ချက်မှုအား ထည့်သွင်းဖော်ပြရန် လိုအပ်ကြောင်း၊<br>• စာမျက်နှာ (၁၉-၂၀) တွင် တစ်ရက်လျှင် လုပ်ငန်းအတွက် တစ်ရက်လျှင် ဒီဇယ်အသုံးပြုမှု (၁၁၀၀-၁၂၀၀) ဂါလံခန့်ရှိကြောင်း၊တစ်လလျှင် (၃၅၀၀၀) ဖော်ပြထားသော်လည်း အသုံးပြုသည့် ဒီဇယ်အမျိုးအစား၊ သို လှောင် ထားရှိမှုပုံစံ၊ ထားရှိသည့် တည်နေရာတို့အား ဖော်ပြထားခြင်း မရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ | • စာမျက်နှာ (၁၉) ၊ ရေလိုအပ်ချက်တွင် အဆိုပါတွင်းရေ၏ အရွယ်အစား၊ အနက်(ပေ)၊ တည်နေရာ၊ အရေအတွက်အား ဖော်ပြရန်၊ ရေအသုံးပြုပုံ ခန့်မှန်း တွက်ချက်မှုအား (ရက်/လ/နှစ်) ဖြင့် ထည့်သွင်းဖော်ပြရန်၊<br>• စာမျက်နှာ (၁၉-၂၀) ၊ လောင်စာသုံးစွဲမှု ဖော်ပြချက်တွင် အသုံးပြုသည့် ဒီဇယ်ဆီအမျိုးအစား၊သိုလှောင်ထားရှိမှုပုံစံ (Overhead,Underground)၊ အရေအတွက်၊ ထားရှိသည့် တည်နေရာတို့အား ဖော်ပြရန်၊<br>• စာမျက်နှာ (၁) အကျဉ်းချုပ်အစီရင်ခံစာတွင် ဖော်ပြထားသော လျှပ်စစ် ဓာတ်အား ဖြန့်ဖြူးသည့် ရွာအရေအတွက်နှင့် စာမျက်နှာ (၁၉) ၊ စီမံကိန်း | • ယခင်အစီရင်ခံစာ၏ စာမျက်နှာ (၁၉) တွင် ဖော်ပြထားသည့် ရေလိုအပ်ချက်တွင် အဆိုပါတွင်းရေ၏ အရွယ်အစား၊ အနက်(ပေ)၊ တည်နေရာ၊ အရေအတွက်အား ဖော်ပြရန်၊ ရေအသုံးပြုပုံ ခန့်မှန်း တွက်ချက်မှုအား (ရက်/လ/နှစ်)ဖြင့် ယခုအစီရင်ခံစာ၏ စာမျက်နှာ (၈၄) ရှိ ဇယား ၅-၁၄ တွင် ပြင်ဆင် ဖော်ပြထားပါသည်။<br>• ယခင်အစီရင်ခံစာ၏ စာမျက်နှာ (၁၉-၂၀) တွင် ဖော်ပြထားသည့် လောင်စာသုံးစွဲမှု ဖော်ပြချက်တွင် အသုံးပြုသည့် ဒီဇယ်ဆီအမျိုးအစား၊ သိုလှောင်ထားရှိမှုပုံစံ (Overhead, Underground) ၊ အရေအတွက်၊ ထားရှိသည့် တည်နေရာတို့အား ယခုအစီရင်ခံစာ၏ စာမျက်နှာ (၈၄- |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
| --- | --- | --- | --- |
| | • စာမျက်နှာ (၂၃) တွင် စီမံကိန်းလုပ်ငန်းခွင်နေရာချထားမှုပုံစံ (Site Layout Plan) အား ဖော်ပြထားသော်လည်း ထင်ရှားမှု မရှိကြောင်း စိစစ် တွေ့ရှိရပါသည်။<br>• စာမျက်နှာ (၁၈) ၊ စီမံကိန်းတည်ဆောက်ခြင်းကာလသည် (၁၈) လခန့် ကြာမြင့်ကြောင်း၊ လည်ပတ်ခြင်းကာလမှာ ၂၀၁၉ ခုနှစ် အစောပိုင်းတွင် စတင်လည်ပတ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။<br>• လုပ်ငန်းဆောင်ရွက်မှုအဆင့်အလိုက်/production line အလိုက် စွန့်မှတ် ထုတ်လွှတ်အခိုးအငွေ့ (Point Source emission) ၊ ဆူညံသံ၊ ရေညစ်ညမ်း မှုများ၊ စွန့်ပစ် အရည်၊ အပူ၊ ထွက်ရှိနိုင်မှု လုပ်ငန်း Flow Chart သို့မဟုတ် ရုပ်ပုံကားချပ်များဖြင့် ဖော်ပြရန် လိုအပ်ကြောင်း၊<br>• လုပ်ငန်းဆောင်ရွက်မှုကြောင့် ထွက်ရှိလာနိုင်သည့် စွန့်ပစ်ပစ္စည်း(အစိုင် | အကြောင်းအရာဖော်ပြချက်ရှိ ရွာအရေအတွက်မှာ ကွဲလွဲမှုနေပါသဖြင့် ပြန်လည် စိစစ်ဖော်ပြရန်၊<br>• စာမျက်နှာ (၂၃) တွင် စီမံကိန်းလုပ်ငန်းခွင်နေရာချထားမှုပုံစံ (Site LayoL Plan) အား သိသာထင်ရှားစွာ ထပ်မံဖော်ပြရန်၊<br>• Construction Period နှင့် Operation Period တို့အား ဇယားဖြင့် တိတိကျကျဖော်ပြရန်၊<br>• လုပ်ငန်းဆောင်ရွက်မှုအဆင့်အလိုက်/ production line အလိုက် စွန့်မှတ် | ၈၅) ရှိ ဇယား ၅-၁၅ နှင့် ၅-၁၆ တို့တွင် ထည့်သွင်းဖော်ပြထားပါသည်။<br>• ယခင်အစီရင်ခံစာ၏ စာမျက်နှာ (၁) ၊ ယခုအစီရင်ခံစာ၏ စာမျက်နှာ (   ) အကျဉ်းချုပ်အစီရင်ခံစာတွင် ဖော်ပြထားသော လျှပ်စစ် ဓာတ်အား ဖြန့်ဖြူးသည့် ရွာအရေအတွက်နှင့် ယခင်အစီရင်ခံစာ၏ စာမျက်နှာ (၁၉)၊ စီမံကိန်းအကြောင်းအရာ ဖော်ပြချက်ရှိ ရွာအရေအတွက်မှာ ကွဲလွဲမှုနေပါသဖြင့် ပြန်လည်စိစစ် ဖော်ပြထားပါသည်။<br>• ယခင်အစီရင်ခံစာ၏ စာမျက်နှာ (၂၃) တွင် စီမံကိန်းလုပ်ငန်းခွင် နေရာချထားမှုပုံစံ (Site LayoL Plan) အား ယခုအစီရင်ခံစာ၏ စာမျက်နှာ (၉၂-၉၃) တွင် သိသာထင်ရှားစွာ ထပ်မံ ဖော်ပြထားပါသည်။ |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| | အခဲ၊ အရည်၊ အခိုးအငွေ့ ) တို့အား သန့်စင်သည့် နည်းလမ်း သို့ လျှော့ချ မည့် နည်းလမ်းများ၊ စိတ်ကူးဒီဇိုင်းများ(Conceptual Design) များရှိပါက ထည့်သွင်းဖော်ပြရန် လိုအပ်ကြောင်း၊<br>• စာမျက်နှာ (၁၉) ၊ လုပ်ငန်းလည်ပတ်ရန် လိုအပ်သည့် ဒီဇယ်ဆီအား မော်လမြိုင်မှဝယ်ယူကြောင်း ဖော်ပြထားရာ သယ်ယူပို့ဆောင်သည့် အကြိမ်၊သယ်ယူမည့် ပမာဏနှင့်လမ်းကြောင်းတို့အား ထည့်သွင်းဖော်ပြရန် လိုအပ်ကြောင်း စိစစ်တွေ့ရှိရပါသည်။<br>• စာမျက်နှာ(၁၉)တွင် စီမံကိန်းအတွင်း အဆောက်အဦအရေအတွက်အား ဖော်ပြထားသော်လည်း အဆောက်အဦးအမျိုးအစားအား ဖော်ပြရန် - စာမျက်နှာ(၁၉)တွင် စီမံကိန်းအတွင်း အဆောက်အဦအရေအတွက်အား ဖော်ပြ | ထုတ်လွှတ်အခိုးအငွေ့ (Point Source emission) ဆူညံသံ၊ ရေညစ်ညမ်းမှုများ၊ စွန့်ပစ်အရည်၊ အပူ ထွက်ရှိနိုင်မှု လုပ်ငန်း Flow Chart သို့မဟုတ် ရုပ်ပုံကားချပ်များဖြင့် ဖော်ပြရန်၊<br>• လုပ်ငန်းဆောင်ရွက်မှုကြောင့် ထွက်ရှိလာနိုင်သည့် စွန့်ပစ်ပစ္စည်း (အစိုင် အခဲ၊ အရည်၊ အခိုးအငွေ့) တို့အား သန့်စင်သည့် နည်းလမ်း သို့ လျှော့ချမည့်နည်းလမ်းများ၊ စိတ်ကူးဒီဇိုင်းများ (Conceptual Design) များရှိပါက ထည့်သွင်း ဖော် ပြရန်၊<br>• စာမျက်နှာ (၁၉) ၊ လုပ်ငန်းလည်ပတ်ရန် လိုအပ်သည့် ဒီဇယ်ဆီအား မော်လမြိုင်မှ | • Construction Period နှင့် Operation Period တို့အား အစီရင်ခံစာ၏ စာမျက်နှာ (၉၆) တွင် ဇယားဖြင့် ထည့်သွင်း ဖော်ပြထားပါသည်။<br>• လုပ်ငန်းဆောင်ရွက်မှုအဆင့်အလိုက်/ production line အလိုက် စွန့်မှတ် ထုတ်လွှတ်အခိုးအငွေ့ (Point Source emission) ဆူညံသံ၊ ရေညစ်ညမ်းမှုများ၊ စွန့်ပစ်အရည်၊ အပူ ထွက်ရှိနိုင်မှု လုပ်ငန်း Flow Chart သို့မဟုတ် ရုပ်ပုံကားချပ်များဖြင့် အစီရင်ခံစာ၏ စာမျက်နှာ (၉၇-၉၈) တွင် ထည့်သွင်း ဖော်ပြထားပါသည်။<br>• လုပ်ငန်းဆောင်ရွက်မှုကြောင့် ထွက်ရှိလာနိုင်သည့် စွန့်ပစ်ပစ္စည်း (အစိုင် အခဲ၊ အရည်၊ အခိုးအငွေ့) တို့အား သန့်စင်သည့် နည်းလမ်း သို့ လျှော့ချမည့်နည်းလမ်းများကို |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| | လိုအပ်ကြောင်းနှင့် ဝန်ထမ်းအရေအတွက်တွင် Gender, နိုင်ငံခြားသား (သို့) မြန်မာနိုင်ငံသား ခွဲခြားဖော်ပြရန် လိုအပ်ကြောင်း၊<br><br>• အခြားဆောင်ရွက်နိုင်မည့်နည်းလမ်းအား ဖော်ပြရာတွင် စီမံကိန်း ဆောင်ရွက်ခြင်းမပြုသည့်အခြေအနေ (No Project Alternative) ၌ သဘာဝ ပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်၊ ယဉ်ကျေးမှုနှင့်စီပွားရေးဆိုင်ရာ အချက် အလက်များကိုသာ ဖော်ပြထားကြောင်း စိစစ်တွေ့ရှိရပါသည်။ | ဝယ်ယူကြောင်း ဖော်ပြထားရာ သယ်ယူပို့ဆောင်သည့် အကြိမ်၊ သယ်ယူမည့် ပမာဏနှင့်လမ်းကြောင်းတို့အား ထည့်သွင်းဖော်ပြရန်၊<br>• စာမျက်နှာ(၁၉)တွင် စီမံကိန်းအတွင်း အဆောက်အဦး အရေအတွက်အား ဖော်ပြထားသော်လည်း အဆောက်အဦး အမျိုးအစားအား ဖော်ပြရန် - စာမျက်နှာ(၁၉)တွင် စီမံကိန်းအတွင်း အဆောက်အဦအရေအတွက်အား ဖော်ပြ လိုအပ်ကြောင်းနှင့် ဝန်ထမ်းအရေအတွက်တွင် Gender, နိုင်ငံခြားသား (သို့) မြန်မာနိုင်ငံသား ခွဲခြားဖော်ပြရန်၊<br>• စာမျက်နှာ (၂၀) ၊ List of Human Resource တွင် လုပ်ငန်းပိုင်းဆိုင်ရာ တာဝန် ယူမှုနှင့်တကွ ဖော်ပြရန်၊ | အစီရင်ခံစာ၏ စာမျက်နှာ (၉၉) တွင် ထည့်သွင်း ဖော်ပြထားပါသည်။<br>• ယခင်အစီရင်ခံစာ၏ စာမျက်နှာ (၁၉)၊ လုပ်ငန်းလည်ပတ်ရန် လိုအပ်သည့် ဒီဇယ်ဆီအား မော်လမြိုင်မှ ဝယ်ယူကြောင်း ဖော်ပြထားရာ သယ်ယူပို့ဆောင်သည့် အကြိမ်၊ သယ်ယူမည့် ပမာဏနှင့် လမ်းကြောင်းတို့အား ယခုအစီရင်ခံစာ၏ စာမျက်နှာ (၈၄) ရှိ အပိုဒ်ခွဲ ၅.၃.၂ တွင် ထည့်သွင်း ဖော်ပြထားပါသည်။<br>• ယခင်အစီရင်ခံစာ၏ စာမျက်နှာ (၁၉) တွင် စီမံကိန်းအတွင်း အဆောက်အဦး အရေအတွက်အား ဖော်ပြထားသော်လည်း အဆောက်အဦး အမျိုးအစားအား ယခုအစီရင်ခံစာ၏ စာမျက်နှာ (၈၅)ရှိ |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
| --- | --- | --- | --- |
| | | • စီမံကိန်းဆောင်ရွက်ခြင်းမပြုသည့် အခြေအနေ(No project Alternative) အပြင် စီမံကိန်းလုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက်ရာ၌ စီမံကိန်း၏ ဒီဇိုင်း၊ တည် နေရာ၊ နေရာချထားမှုပုံစံ၊ အသုံးပြုသည့်နည်းပညာ၊ သဘာဝပတ်ဝန်းကျင်၊ လူမှု ပတ်ဝန်းကျင်ယဉ်ကျေးမှု စသည့် အခြားသော ဆောင်ရွက်နိုင်မည့် နည်းလမ်း (Alternative Methods) များအား ထည့်သွင်းစဉ်းစား ဖော်ပြရန်၊<br>• စီမံကိန်းနှင့်အနီးဆုံးဖြစ်သည့် သပြေကျေးရွာနှင့် အကွာအဝေးအား ထည့်သွင်း ဖော်ပြရန်၊<br>• ဆူညံသံတိုင်းတာမှုအား ဖော်ပြရာတွင် Location Point ဖော်ပြရန်။ | ဇယား ၅-၁၇ တွင် ထည့်သွင်း ဖော်ပြထားပါသည်။<br>• ဝန်ထမ်းအရေအတွက်တွင် Gender, နိုင်ငံခြားသား (သို့) မြန်မာနိုင်ငံသား ကို ယခုအစီရင်ခံစာ၏ စာမျက်နှာ (၈၅ ) တွင် ထည့်သွင်းဖော်ပြထားပါသည်။<br>• ယခင်အစီရင်ခံစာ၏ စာမျက်နှာ (၂၀) ၊ List of Human Resource တွင် လုပ်ငန်းပိုင်းဆိုင်ရာ တာဝန် ယူမှုနှင့်တကွ ယခုအစီရင်ခံစာ၏ စာမျက်နှာ (၈၆) တွင် ပြင်ဆင် ဖော်ပြထားပါသည်။<br>• စီမံကိန်းဆောင်ရွက်ခြင်းမပြုသည့် အခြေအနေ(No project Alternative) အပြင် စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ စီမံကိန်း၏ ဒီဇိုင်း၊ တည်နေရာ၊ နေရာချထားမှုပုံစံ၊ အသုံးပြုသည့်နည်းပညာ၊ |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| | | | သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်၊ ယဉ်ကျေးမှု စသည့် အခြားသော ဆောင်ရွက်နိုင်မည့် နည်းလမ်း (Alternative Methods) များအား အစီရင်ခံစာ၏ စာမျက်နှာ (၈၈-၈၉) တွင် ထည့်သွင်း ဖော်ပြထားပါသည်။<br>• စီမံကိန်းနှင့် အနီးဆုံးဖြစ်သည့် သပြေကျေးရွာနှင့် အကွာအဝေးအား အစီရင်ခံစာ၏ စာမျက်နှာ (၂၈) တွင် ထည့်သွင်း ဖော်ပြထားပါသည်။<br>• ဆူညံသံတိုင်းတာမှုအား Location Point နှင့်တကွ အစီရင်ခံစာ၏ စာမျက်နှာ (၁၀၇-၁၀၈) တွင် ဖော်ပြထားပါသည်။ |
| ၈။ | လက်ရှိပတ်ဝန်းကျင် အခြေအနေ | | |
| | • စာမျက်နှာ (၅၀) ၊ Table 6.1 လေအရည်အသွေး၊ ရေအရည်အသွေး၊ ရာသီ | • Study area အား စီမံကိန်းလုပ်ကွက်၏ ၁၀၀ | • Study area အား စီမံကိန်းလုပ်ကွက်၏ ၁၀၀ |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| | ဥတုအခြေအနေ၊ တုန်ခါမှု၊ဆူညံသံတို့အား တိုင်းတာသည့် စက်ပစ္စည်း ကိရိယာများကို ပုံနှင့်တကွ ဖော်ပြထားကြောင်း၊<br>• စာမျက်နှာ (၅၁-၅၄)၊ လေအရည်အသွေးတိုင်းတာရာတွင် တိုင်းတာသည့် အမှတ်/တည်နေရာ (Beside transformer)၊ တိုင်းတာသည့် Paramete (၅) မျိုး၊ တိုင်းတာသည့် နေ့ရက်၊ တိုင်းတာမှုရလဒ်အား NEQEQ ဖြင့် နှိုင်းယှဉ်ဖော်ပြထားသည့် ရလဒ်ဖော်ပြထားသော်လည်း ရလဒ်၏ Parameters များအနက် SO2, NO, O,, စသည့် Parameters များ၏ Average အား ၂၄ နာရီဖြင့်သာ နှိုင်းယှဉ်ဖော်ပြထားကြောင်း၊<br>• စာမျက်နှာ (၅၆-၆၃)၊ Noise and vibration level များအား တိုင်းတာ သည့်နေရာ(Near power plant, Tha Pyay village)နှင့် ( Beside transmitter)တိုင်းတာသည့် ရလဒ်၊ နှိုင်းယှဉ်ဖော်ပြချက်(Noise အား NEQEG | မီတာအတွင်း သတ်မှတ်ထား ကြောင်းနှင့် ၁၀၀ မီတာအတွင်းရှိ လေ/ရေ/ဆူညံသံ/တုန်ခါမှုတို့၏ အရည်အသွေး အား တိုင်းတာ ဖော်ပြထားကြောင်း စိစစ် တွေ့ရှိရသော်လည်း လေ့လာထားသည့် Study area သည် လုံလောက်မှု ရှိ/မရှိ ထပ်မံထည့်သွင်းဖော်ပြရန်၊<br>• လေအရည်အသွေးတိုင်း တာမှုတွင် Beside transformer ၌ တိုင်းတာမှုအပြင် ထုတ်လွှတ် အခိုးအငွေ့ကိုပါ . တိုင်းတာဖော်ပြရန်နှင့် NEQEG ပါ General Guideline မှ parameters များအပြင် အခိုးအငွေ့ ထုတ်လွှတ်မှုလမ်းညွှန်ချက်များ (Small Combustion Facilities Emission Guidelines) ပါ | မီတာအတွင်း သတ်မှတ်ထား ကြောင်းနှင့် ၁၀၀ မီတာအတွင်းရှိ လေ/ရေ/ဆူညံသံတုန်ခါမှုတို့၏ အရည်အသွေးအား တိုင်းတာဖော်ပြထားကြောင်း စိစစ် တွေ့ရှိရသော်လည်း လေ့လာထားသည့် Study area သည် လုံလောက်မှု ရှိ/မရှိကို အစီရင်ခံစာ၏ စာမျက်နှာ (၂၈) တွင် ထပ်မံထည့်သွင်း ဖော်ပြထားပါသည်။<br>• လေအရည်အသွေးတိုင်း တာမှုတွင် Beside transformer ၌ တိုင်းတာမှုသည် ထုတ်လွှတ် အခိုးအငွေ့ကို တိုင်းတာခြင်းနှင့် နေရာကွာခြားမှု အနည်းငယ်သာ ရှိသောကြောင့် ထပ်မံတိုင်းတာမှု မပြုလုပ်ခဲ့ပါ။ သို့သော် EMOP တွင် သီးသန့် |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| | ဖြင့်လည်းကောင်း၊ Vibration အား Regulatory Standards for Vibration Emitted from Ministry of the Environment Government of Japan ဖြင့်လည်းကောင်း နှိုင်းယှဉ်ဖော်ပြထားကြောင်း)၊<br>• စာမျက်နှာ(၆၄-၆၆)၊ ရေအရည်အသွေးအား တိုင်းတာသည့်နေရာ(Tube well)၊ တိုင်းတာသည့် Parameters (15)မျိုးတို့၏ ရလဒ်အား မြန်မာနိုင်ငံ ၏ အမျိုးသားသောက်သုံးရေအရည်အသွေးဆိုင်ရာ စံချိန်စံညွှန်း(၂၀၁၄) ဖြင့် နှိုင်းယှဉ်ဖော်ပြထားကြောင်း၊ Parameters များအနက် Sulfide သည် Guidelines ထက် အနည်းငယ်ကျော်လွန်နေကြောင်း ဖော်ပြထားပြီး ကျော်လွန်ရသည့် အကြောင်းအရင်းအား ဖော်ပြထားကြောင်းTube well သည် | Parameters များကို ပါ တိုင်းတာပြီးနှိုင်းယှဉ် ဖော်ပြရန် SO, NO, Os တို့၏ Average Period အား 24 hrs ဖြင့် နှိုင်းယှဉ်ဖော်ပြမည့်အစား NEQEG ပါ Average Period အတိုင်း နှိုင်းယှဉ်ဖော်ပြရန်၊ | တိုင်းတာစောင့်ကြည့်သွားမည် ဖြစ်ပါသည်။<br>• NEQEG ပါ General Guideline မှ parameters များအပြင် အခိုးအငွေ့ ထုတ်လွှတ်မှု လမ်းညွှန်ချက်များ (Small Combustion Facilities Emission Guidelines) ပါ Parameters များကို တိုင်းတာပြီး စာမျက်နှာ (၁၀၄) တွင် နှိုင်းယှဉ် ဖော်ပြထားပါသည်။ SO, NO, Os တို့၏ Average Period အား NEQEG ပါ Average Period အတိုင်း အစီရင်ခံစာ၏ စာမျက်နှာ (၁၀၄) တွင် နှိုင်းယှဉ် ဖော်ပြထားပါသည်။ |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| | သုံးရေအတွက်သာ အသုံးပြုကြောင်း ဖော်ပြထားပါသည်။<br><br>• စာမျက်နှာ (၆၆) တွင် ဖော်ပြထားသော ရေးမြို့ နယ်၏ နှစ်စဉ်မိုးရေချိန် သည် Primary Data or Secondary Data ဖြစ်ကြောင်းဖော်ပြရန် လိုအပ် ပြီး Primary Data ဖြစ်ပါက ကောက်ယူသည့် နည်းစနစ်အား ဖော်ပြရန် နှင့် Secondary Data ဖြစ်ပါက အချက်အလက်ရယူသည့် ရည်ညွှန်းကိုး ကားချက် (Reference) အား ထည့်သွင်းဖော်ပြရန် လိုအပ်ကြောင်း၊<br>• စာမျက်နှာ (၆၈-၇၀)တွင် ရေးမြို့နယ်အတွင်း လူမှုစီးပွားရေး၊ ယဉ်ကျေးမှု၊ သစ်တောဖုံးလွှမ်းမှုဧရိယာ၊ သဘာဝပေါက်ပင်များ၊ သယ်ယူပို့ဆောင်ရေး | • စာမျက်နှာ (၆၆) တွင် ဖော်ပြထားသော ရေးမြို့နယ်၏ နှစ်စဉ်မိုးရေချိန်သည် Primary Data or Secondary Data ဖြစ်ကြောင်းဖော်ပြရန် လိုအပ်ပြီး Primary Data ဖြစ်ပါက ကောက်ယူသည့် နည်းစနစ်အား ဖော်ပြရန် နှင့် Secondary Data ဖြစ်ပါက အချက်အလက်ရယူသည့် | • ယခင်အစီရင်ခံစာ၏ စာမျက်နှာ (၆၆) တွင် ဖော်ပြထားသော ရေးမြို့နယ်၏ နှစ်စဉ်မိုးရေချိန်သည် Secondary Data ဖြစ်ကာ အချက်အလက် ရယူသည့် ရည်ညွှန်းကိုးကားချက် (Reference) အား ယခုအစီရင်ခံစာ၏ စာမျက်နှာ (၁၁၇)တွင် ထပ်မံထည့်သွင်း ဖော်ပြထားပါသည်။<br><br>• ယခင်အစီရင်ခံစာ စာမျက်နှာ (၆၈-၇၀) တွင် ရေးမြို့နယ်အတွင်း |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| | အခြေအနေများအား ဖော်ပြထားသည်ကို စိစစ်တွေ့ရှိရပါသည်။ | ရည်ညွှန်းကိုး ကားချက် (Reference) အား ထည့်သွင်းဖော်ပြရန်၊<br>• စာမျက်နှာ (၆၈-၇၀) တွင် ရေးမြို့နယ်အတွင်း လူမှုစီးပွားရေး၊ ယဉ်ကျေးမှု၊ "ရေး ´ သစ်တောဖုံးလွှမ်းမှုဧရိယာ၊ သဘာဝပေါက်ပင်များ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အချက်အလက်များသည် Primary Data or Secondary Data ဖြစ်ကြောင်း ဖော်ပြရန် လိုအပ်ပြီး Primary Data ဖြစ်ပါက ကောက်ယူသည့် နည်းစနစ်အား ဖော်ပြရန်နှင့် Secondary Data ဖြစ်ပါက အချက်အလက် ရယူသည့် ရည်ညွှန်းကိုးကားချက် (Reference) အား ထည့်သွင်း ဖော်ပြရန်။ | လူမှုစီးပွားရေး၊ ယဉ်ကျေးမှု၊ "ရေး ´ သစ်တောဖုံးလွှမ်းမှုဧရိယာ၊ သဘာဝပေါက်ပင်များ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အချက်အလက်များသည် Secondary Data ဖြစ်ပြီး အချက်အလက် ရယူသည့် ရည်ညွှန်းကိုးကားချက် (Reference) အား ယခုအစီရင်ခံစာ၏ စာမျက်နှာ ( ၁၁၈-၁၂၁ ) တွင် ထည့်သွင်း ဖော်ပြထားပါသည်။ |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| ၉။ | ထိခိုက်မှုဆန်းစစ်ခြင်းနှင့်လျော့နည်းစေရေးနည်းလမ်းများ | | |
| | • စာမျက်နှာ(၇၁)၊ ထိခိုက်မှုဆန်းစစ်သည့်နည်းလမ်းများ၊ ဖြစ်ပေါ်နိုင်ခြေရှိ ထိခိုက်မှုများအား ဖော်ပြထားကြောင်း၊<br>• စာမျက်နှာ (၇၄-၇၆) ၊ ဖြစ်ပေါ်နိုင်ခြေရှိသော ထိခိုက်နိုင်မှုများအား ဇယား (၇-၂) ဖြင့် ဖော်ပြထားကြောင်း၊<br><br>စာမျက်နှာ (၇၇-၈၁) ၊ ဖြစ်ပေါ်နိုင်ခြေရှိသော ထိခိုက်နိုင်မှုများ(Air Pollution, Water Pollution, Soil Contamination/pollution, Noise and vibration affects, Waste disposal, Hazardous waste, Occupational health and safety, Socio-economic condition, Ecological Resources, | • Table (7-2) ၊ ဖြစ်ပေါ်နိုင်ခြေရှိသော ထိခိုက်နိုင်မှုများရှိ လေအရည်အသွေး အတွက် ဆန်းစစ်ဖော်ပြရာတွင် "Emission from the combustion of gas and fuel oil or diesel in Turbines, boilers, compressors and other engines" ဟု ဖော်ပြထားရာ အဆိုပါ စက်ပစ္စည်းများ အသုံးပြုခြင်း ရှိ/မရှိဖော်ပြရန်နှင့် အသုံး ပြုခြင်းရှိမှသာ ဆန်းစစ်ဖော်ပြရန်၊<br>• Impact of Hazardous waste တွင် Electrical Devices များတွင် အသုံးပြုသည့် Polychlorinated Biphenyls (PCB) and hexafluoride ($SF_6$) စသည့် Insulating Oil များ၏ | • ယခင်အစီရင်ခံစာတွင် ပါရှိသော Table (7-2)၊ ဖြစ်ပေါ်နိုင်ခြေရှိသော ထိခိုက်နိုင်မှုများရှိ လေအရည်အသွေး အတွက် ဆန်းစစ်ဖော်ပြရာတွင် "Emission from the combustion of gas and fuel oil or diesel in Turbines, boilers, compressors and other engines" ဟု ဖော်ပြထားသော်လည်း အဆိုပါ စက်ပစ္စည်းများကို ယခုလက်ရှိကာလတွင် အသုံးပြုခြင်းမရှိပါ။<br><br>• Impact of Hazardous waste တွင် Electrical Devices များတွင် အသုံးပြုသည့် Polychlorinated |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| | Human Resources, Fire Hazards, Type of Waste) တို့အား ဖော်ပြထားကြောင်း | ထိခိုက်နိုင်မှုများကိုပါ ထည့်သွင်း ဖော်ပြရန်၊<br>• ဖြစ်ပေါ်နိုင်ခြေရှိသော ထိခိုက်မှုများအား တွက်ချက် ဖော်ပြရာတွင် Power Plant, Sub-station and transmission line up: Electrical and Magnetic Field, Transmission Line များ၌ Forest fires, habitat degradation များဖြစ်ပေါ်နိုင်မှု အခြေအနေများကို ထည့်သွင်း တွက်ချက် ဖော်ပြရန်။ | Biphenyls (PCB) and hexafluoride ($SF_6$) စသည့် Insulating Oil များ၏ ထိခိုက်နိုင်မှုများကို အစီရင်ခံစာ၏ စာမျက်နှာ (၁၃၁) တွင် ထည့်သွင်း ဖော်ပြထားပါသည်။<br>• ဖြစ်ပေါ်နိုင်ခြေရှိသော ထိခိုက်မှုများအား တွက်ချက် ဖော်ပြရာတွင် Power Plant, Sub-station and transmission line up: Electrical and Magnetic Field, Transmission Line များ၌ Forest fires, habitat degradation များဖြစ်ပေါ်နိုင်မှု အခြေအနေများကို အစီရင်ခံစာ၏ စာမျက်နှာ (၁၃၀) တွင် ထည့်သွင်း ဖော်ပြထားပါသည်။ |
| ၁၀။ | ဒေသခံပြည်သူများနှင့်တိုင်ပင်ဆွေးနွေးခြင်း | | |
| | • ဒေသခံပြည်သူများနှင့်တိုင်ပင်ဆွေးနွေးခြင်း အခန်းအား | • ဒေသခံပြည်သူများနှင့်တိုင်ပင်ဆွေးနွေးခြင်းအား ဖော်ပြရာတွင် | • ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းအား |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| | ထည့်သွင်းဖော်ပြထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိပါသည်။ | ဆွေးနွေးပွဲပြုလုပ်သည့် နည်းလမ်း၊ ချဉ်းကပ်ဆောင်ရွက်မှု၊ ကျင်းပသည့်နေရက်၊ နေရာ၊ အကြိမ်အရေအတွက်၊ တက်ရောက်သူဦးရေ၊ သက်ဆိုင်ရာ ဌာနများ၊ ဆွေးနွေးသည့် အကြောင်းအရာအကျဉ်းချုပ်၊ လုပ်ငန်းရှင်မှ ဝေဖန် အကြံပြုချက်များအား တုန့်ပြန်ဆောင်ရွက်ထားမှုများနှင့် ဆွေးနွေးပွဲရလဒ်များကိုပါ ထည့်သွင်းဖော်ပြရန်။ | ဖော်ပြရာတွင် ဆွေးနွေးပွဲပြုလုပ်သည့် နည်းလမ်း၊ ချဉ်းကပ်ဆောင်ရွက်မှု၊ ကျင်းပသည့်နေရက်၊ နေရာ၊ အကြိမ်အရေအတွက်၊ တက်ရောက်သူဦးရေ၊ သက်ဆိုင်ရာ ဌာနများ၊ ဆွေးနွေးသည့် အကြောင်းအရာအကျဉ်းချုပ်၊ လုပ်ငန်းရှင်မှ ဝေဖန် အကြံပြုချက်များအား တုန့်ပြန်ဆောင်ရွက်ထားမှုများနှင့် ဆွေးနွေးပွဲရလဒ်များကို အစီရင်ခံစာ၏ စာမျက်နှာ (၁၆၂-၁၆၃) တွင် ထည့်သွင်း ဖော်ပြထားပါသည်။ |
| ၁၁။ | ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် | | |
| | • စာမျက်နှာ (၉၀-၉၉) တွင် ပတ်ဝန်းကျင် စီမံခန့်ခွဲမှာ အစီအစဉ်များအား ဖော်ပြထားသော်လည်း လိုအပ်ချက်များ ရှိနေသေးကြောင်း စိစစ်တွေ့ရှိရပါသည်။ | • စာမျက်နှာ (၉၅) ၊ OHS Management Plan တွင် Electrical Power Generation၊ Transmission and Distribution ပိုင်း၌ Live Power | • ယခင်အစီရင်ခံစာ၏ စာမျက်နှာ (၉၅) ၊ OHS Management Plan တွင် Electrical Power Generation၊ Transmission and Distribution |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
| --- | --- | --- | --- |
| | • စာမျက်နှာ (၁၀၁-၁၀၅)၊ Emergency Preparedness and Respond Plan အားဖော်ပြထားကြောင်း။<br>• စာမျက်နှာ (၁၀၇)၊ CSR plan အတွက် သုံးစွဲမည့် ခန့်မှန်းကုန်ကျစရိတ်မှာ သိန်း (၃၀) ခန့်လျာထားကြောင်း၊ စာမျက်နှာ (၁၀၇) တွင် GRM အားဖော်ပြထားသည်ကို စိစစ်တွေ့ရှိရပါသည်။ | Lines, Working at Height, Electric and Magnetic Field, Exposure to Chemicals စသည့်အချက်များအား Management Plan တွင် ထည့်သွင်း ဖော်ပြရန်၊<br>• Emergency Preparedness and Respond Plan စက်ပစ္စည်းကိရိယာ ချွတ်ယွင်းခြင်း၊ စက်ပစ္စည်းဆိုင်ရာနှင့် တည်ဆောက်ပုံဆိုင်ရာ ချွတ်ယွင်းမှု အခြေအနေများကိုပါ ထည့်သွင်း ဖော်ပြရန်၊<br>• Transmission Line တစ်လျှောက်၊ Tower Maintenance/ Right of way Maintenance Management Plan အား ထပ်မံထည့်သွင်းဖော်ပြရန်။ | ပိုင်း၌ Live Power Lines, Working at Height, Electric and Magnetic Field, Exposure to Chemicals စသည့် အချက်များအား ယခုအစီရင်ခံစာ၏ စာမျက်နှာ (၁၅၇-၁၅၈) Management Plan တွင် ထည့်သွင်း ဖော်ပြထားပါသည်။<br>• Emergency Preparedness and Respond Plan စက်ပစ္စည်းကိရိယာ ချွတ်ယွင်းခြင်း၊ စက်ပစ္စည်းဆိုင်ရာနှင့် တည်ဆောက်ပုံဆိုင်ရာ ချွတ်ယွင်းမှု အခြေအနေများကို အစီရင်ခံစာ၏ စာမျက်နှာ (၁၅၆) တွင် ထည့်သွင်း ဖော်ပြထားပါသည်။<br>• Transmission Line တစ်လျှောက်၊ Tower Maintenance/ Right of way Maintenance Management Plan အား အစီရင်ခံစာ၏ စာမျက်နှာ (၁၅၇) |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| | | | ) တွင် ထပ်မံထည့်သွင်း ဖော်ပြထားပါသည်။ |
| ၁၂။ | စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ် | | |
| | • စာမျက်နှာ (၁၀၀-၁၀၁)၊ စောင့်ကြပ်ကြည့်ရှုမည့်အစီစဉ်ဇယားတွင် လုပ်ငန်းလည်ပတ်ခြင်းကာလအတွက် လေအရည်အသွေးတိုင်းတာခြင်းအား တိုင်းတာမည့်နေရာ (Near Diesel Generator)၊ တစ်နှစ်လျှင် (၁) ကြိမ်၊ Parameters (5) မျိုးတိုင်းတာမည်ဖြစ်ကြောင်း၊<br>• ရေအရည်အသွေးတိုင်းတာအား စီမံကိန်းအတွင်းရှိ Tube Well မှ Parameters (11) မျိုးအား တစ်နှစ် (၂) ကြိမ် တိုင်းတာမည်ဖြစ်ကြောင်း၊<br>• ဆူညံသံနှင့် တုန်ခါမှု၊ Waste Management, Fire Hazard, OHS တို့အား | • ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် (၁၀၈) အရ စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာအား (၆) လတစ်ကြိမ် တင်ပြရမည် ဖြစ်သည့်အတွက် လေအရည်အသွေးအား တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာဖော်ပြရန်၊<br>• လေအရည်အသွေးအား စောင့်ကြပ်ကြည့်ရှု စစ်ဆေးရာတွင် NEQEG ပါ General Guideline မှ Parameters များအပြင် အခိုးအငွေ့ထုတ်လွှတ်မှု လမ်းညွှန်ချက်များ (Small Combustion Facilities Emission | • ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် (၁၀၈) အရ စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာအား (၆) လတစ်ကြိမ် တင်ပြရမည် ဖြစ်သည့်အတွက် လေအရည်အသွေးအား တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာမည်ဖြစ်ကြောင်း စာမျက်နှာ (၁၅၁) တွင် ထပ်မံထည့်သွင်း ဖော်ပြထားပါသည်။<br>• လေအရည်အသွေးအား စောင့်ကြပ်ကြည့်ရှု စစ်ဆေးရာတွင် NEQEG ပါ General Guideline မှ Parameters များအပြင် အခိုးအငွေ့ထုတ်လွှတ်မှု |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| | စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်ဇယားတွင် ဖော်ပြထားကြောင်း၊<br>• စာမျက်နှာ (၁၀၆) ၊ Cost Estimation for EMP implementation တွင် Monitoring Plan အတွက် Budget အား USD 3000 ခန့်လျာထားကြောင်းနှင့် Responsible Party အနေဖြင့် SMD, Third Party မှ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ | Guidelines) ပါ Parameters များကိုပါ စောင့်ကြပ်ကြည့်ရှု တိုင်းတာဖော်ပြရန်၊<br>• မြေအရည်အသွေး၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ၊ leakage and spill၊ Community Health and Safety, Biodiversity and Electrical Maintenance and Right of Way Maintenance တို့အားအကြိမ်အရေအတွက်၊ Location၊ စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်တွင် ထည့်သွင်းဖော်ပြရန်၊<br>• စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်တွင် Responsible Person များအား ရာထူး၊ တာဝန်ယူဆောင်ရွက်မည့် အပိုင်းများကိုပါ ထည့်သွင်း ဖော်ပြရန်၊ | လမ်းညွှန်ချက်များ (Small Combustion Facilities Emission Guidelines) ပါ Parameters များကိုပါ စောင့်ကြပ်ကြည့်ရှု တိုင်းတာရန် အစီရင်ခံစာ၏ စာမျက်နှာ (၁၅၁) တွင် ဖော်ပြထားပါသည်။<br>• မြေအရည်အသွေး၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ၊ leakage and spill၊ Community Health and Safety, Biodiversity and Electrical Maintenance and Right of Way Maintenance တို့အားအကြိမ်အရေအတွက်၊ Location များအား အစီရင်ခံစာ၏ စာမျက်နှာ (၁၅၁) ၊ စောင့်ကြပ် ကြည့်ရှုမည့် အစီအစဉ်တွင် ထည့်သွင်းဖော်ပြထားပါသည်။ |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| | | | • စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်တွင် Responsible Person များအား ရာထူး၊ တာဝန်ယူဆောင်ရွက်မည့် အပိုင်းများကိုပါ အစီရင်ခံစာ၏ စာမျက်နှာ (၁၄၁) တွင် ထည့်သွင်း ဖော်ပြထားပါသည်။ |
| ၁၃။ | Lists of Commitments | | |
| | • စီမံကိန်းအဆိုပြုသူမှ အစီရင်ခံစာပါ အခန်းတစ်ခန်းချင်းစီအလိုက် ကတိကဝတ်ပြုချက်များကို ဇယားဖြင့်ဖော်ပြထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ | • စီမံကိန်းအဆိုပြုသူမှ အစီရင်ခံစာပါ အခန်းတစ်ခန်းချင်းစီအလိုက် ဇယားဖြင့်ကတိကဝတ်ပြုလက်မှတ်ရေးထိုးရန်။ | • စီမံကိန်းအဆိုပြုသူမှ အစီရင်ခံစာပါ အခန်းတစ်ခန်းချင်းစီအလိုက် ဇယားဖြင့် ကတိကဝတ်ပြု၍ အစီရင်ခံစာ၏ စာမျက်နှာ (၃၈-၄၁) တွင် ထည့်သွင်း ဖော်ပြထားပါသည်။ |
| ၁၄။ | နိဂုံးသုံးသပ်ချက် | | |
| | • စာမျက်နှာ (၁၀၉-၁၁၀) တွင် စီမံကိန်းသည် လုပ်ထုံးလုပ်နည်း၊ NEQEG ပါ လိုက်နာဆောင်ရွက်ခြင်း၊ ဖြစ်ပေါ်လာနိုင်ခြေရှိသော ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို | • အထူးသဘောထားမှတ်ချက် ပေးရန်မရှိပါ။ | |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| | ဆန်းစစ်အဲဖြတ်ခြင်း၊ လျှော့ချမည့်နည်းလမ်းများ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ခွဲများအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ အရည်အသွေး တိုင်းတာမှုများ တိုင်းတာခြင်း၊ သက်ရောက်မှုတစ်ခုခြင်းစီအလိုက်ဆန်းစစ်မှုများအား တွက်ချက်စဉ်းစားခြင်း၊ စောင့်ကြပ်ကြည့်ရှုမည့်အစီစဉ်များ၊ CSR plan များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုကြောင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိခြင်း၊ ဒေသဖွံ့ဖြိုးရေးတွင် အထောက်အကူပြုနိုင်ကြောင်း ဖော်ပြထားပါသည်။ | | |
| ၁၅။ | အထွေထွေ | | |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| | • အစီရင်ခံစာပြန်လည်သင်ပြရာတွင် ပြန်ကြားခဲ့သည့် သဘောထားများအပေါ် အစီရင်ခံစာတွင် ပြင်ဆင်ထည့်သွင်းဆောင်ရွက်ခြင်းအပြင် ပြင်ဆင်ဆောင်ရွက်မည့်အကျဉ်း (၁) သဘောထားမှတ်ချက်၊ (၂) ပြန်လည်ဖြည့်စွက်ထည့်သွင်းချက်အကျဉ်း ၊ (၃) မှတ်ချက် စသည့်ဇယားဖြင့် အကျဉ်းချုပ်ထည့်သွင်းဖော်ပြရန်၊<br>• အစီရင်ခံစာတွင် ယေဘုယျရေးသားခြင်းမျိုးမဟုတ်ပဲ အခန်း(၁) ခန်းခြင်းစီအလိုက် အမှန်တကယ်ဆောင်ရွက်မည့်အချက်အလက်များဖြင့် အသေးစိတ်ရေးသားဖော်ပြရန်၊<br>• စီမံကိန်းနှင့်ပတ်သက်သည့် မြေယာပိုင်ဆိုင်မှုအထောက်အထားများ၊ လုပ်ငန်းလိုင်စင်များ၊ သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုမိန့်များအား နောက်ဆက်တွဲတွင်ထည့်သွင်းဖော်ပြရန်နှင့် နောက်ဆက်တွဲတွင် ထည့်သွင်းဖော်ပြထားသော စီမံကိန်းလုပ်ငန်းနှင့်သက်ဆိုင်သည့် Electrical equipment များအား ဇယားဖြင့်ဖော်ပြထားသော်လည်း ထင်ရှားမှုမရှိခြင်းကြောင့် ထပ်မံထည့်သွင်းဖော်ပြရန်။ | | • အစီရင်ခံစာပြန်လည်သင်ပြရာတွင် ပြန်ကြားခဲ့သည့် သဘောထားများအပေါ် အစီရင်ခံစာတွင် ပြင်ဆင်ထည့်သွင်းဆောင်ရွက်ခြင်းအပြင် ပြင်ဆင်ဆောင်ရွက်မည့်အကျဉ်း (၁) သဘောထားမှတ်ချက်၊ (၂) ပြန်လည်ဖြည့်စွက်ထည့်သွင်းချက် အကျဉ်းစသည့်ဇယားဖြင့် နောက်ဆက်တွဲ (၂၈) တွင်ဖော်ပြထားပါသည်။<br>• အစီရင်ခံစာတွင် ယေဘုယျရေးသားခြင်းမျိုးမဟုတ်ပဲ အခန်း(၁) ခန်းခြင်းစီအလိုက် အမှန်တကယ်ဆောင်ရွက်မည့်အချက် အလက်များဖြင့် အသေးစိတ် ရေးသားဖော်ပြထားပါသည်။<br>• စီမံကိန်းနှင့်ပတ်သက်သည့် မြေယာပိုင်ဆိုင်မှုအထောက်အထား |

| စဉ် | စိစစ်တွေ့ရှိချက်များ | သုံးသပ်အကြံပြုချက်များ | ပြန်လည်ဖြေကြားချက် |
|---|---|---|---|
| | | | များ၊ လုပ်ငန်းလိုင်စင်များ၊ သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုမိန့်များအား နောက်ဆက်တွဲ (၁၂-၁၇) တွင် ထည့်သွင်းဖော်ပြထားပါသည်။<br>• စီမံကိန်းလုပ်ငန်းနှင့်သက်ဆိုင်သည့် Electrical equipment များအား နောက်ဆက်တွဲ (၄) တွင် သီသာထင်ရှားစွာ ဖော်ပြထားပါသည်။ |

## Appendix- 29 IEE confirmation letter from ECD (DG Office)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး

စာအမှတ်၊ EIA-၂/၉/အတည်ပြု(ပြန်ကြား)(IEE)( ၂၄၄၅/၂၀၂၃)
ရက်စွဲ ၊ ၂၀၂၃ ခုနှစ် ၊ ဇွန်လ ၂၂ ရက်

သို့

အုပ်ချုပ်မှုဒါရိုက်တာ
Southern Myanmar Development Co., Ltd
No.42, Hlaing Yadanar Mon Housing, Lane 4, Hlaing Township, Yangon
TEL: 09-424222250

အကြောင်းအရာ။ **Southern Myanmar Development Co.,Ltd မှ အကောင်အထည်ဖော်ဆောင်ရွက်မည့်ဒီဇယ်သုံးမီးစက်များဖြင့် (၁၀)မဂ္ဂါဝပ်လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအတွက် တင်ပြလာသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာအား အတည်ပြုပြန်ကြားခြင်း**

ရည် ညွှန်း ချက်။
(၁) ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မွန်ပြည်နယ်၏ ၄-၄-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ-၂/၆/၇(၀၃) (၆၃၂/၂၀၂၃)
(၂) ညွှန်ကြားရေးမှူးချုပ်ရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၁၉-၅-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ EIA-၂/၉/ အတည်ပြု(IEE) (၁၇၉၅/ ၂၀၂၃)
(၃) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၆-၆-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၃(၂)/၁၆(ဃ) (၁၅၅၆/၂၀၂၃)

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အဆိုပြုစီမံကိန်းသည် သပြေကျေးရွာအနီး၊ ရေးမြို့နယ်၊ မွန်ပြည်နယ်တွင် တည်ရှိပြီး Southern Myanmar Development Co.,Ltd သည် စုစုပေါင်း ဒီဇယ်သုံးလျှပ်စစ်ဓာတ်အားပေးစက် (၈) လုံးဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားပေးစက် (၇) လုံးမှာ Cat Type 2000 IPP Model (1.4) MW အမျိုးအစားဖြစ်ပြီး ကျန် (၁)လုံးမှာ Cat Type (0.8)MW အမျိုးအစားဖြစ်ကြောင်း ၊ ၂၄နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် (1.4) MW Generator ကို (၀၀:၀၁) နာရီမှ (၀၃:၃၀) နာရီထိ လည်ပတ်စေပြီး (၀၃:၃၀) အချိန်နောက်ပိုင်းတွင် (1.4)MW Generator (၂)လုံးမှ (3500) kW ရှိ Transform မှတဆင့် Switch Yard တွင် သိုလှောင်ထားရှိပြီး လျှပ်စစ် ဓာတ်အားဖြန့်ဖြူးမည့် လမ်းကြောင်းအနေဖြင့် Control Station မှ သပြေ၊ အနင်း၊ နှစ်ကရင်၊ နှစ်ပကရင် (ဘူတာ)နှင့် ဝယ်ဖယ်ကျေးရွာများအား လည်းကောင်း၊ (33) လမိုင်းဓာတ်အားခွဲရုံမှ 11kV ဖြင့် လမိုင်း၊ မော့ကနင်၊ ရွာသစ်၊ကော့ဒွတ်၊ ကော့ချ၊ ကူးတို့ဆိပ်၊ သောင်ပြင်၊ ဝယ်ဒုံ၊ ဝယ်နွတ်နှင့်

တောင်ဘုံကျေးရွာ၊ စုစုပေါင်း (၁၅) ရွာအား ဖြန့်ဖြူးမည်ဖြစ်ပြီး အိမ်ခြေပေါင်း (၁၂၅၀၀) ရှိကြောင်း၊ စီမံကိန်း၏ တည်ဆောက်ရေးကာလသည် ၂၀၁၈ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး အစီရင်ခံစာတွင် စီမံကိန်းလည်ပတ်ခြင်းကာလနှင့် ပိတ်သိမ်းခြင်းကာလတို့၏ ထိခိုက်နိုင်မှုများနှင့် လျော့ချရေးနည်းလမ်းများ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ခွဲများ၊ စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်များအား ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြပါရှိပါသည်။

၂။ Southern Myanmar Development Co.,Ltd မှ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ သပြေကျေးရွာအနီး၊ ခန့်မှန်းမြေပုံအညွှန်း (15°36'19"N 97°44'02"E) ကုလားကုတ်ဒေသ၊ မြေဧရိယာ (၂၀.၉၆) ဧကပေါ်တွင် ဒီဇယ်သုံးမီးစက်များဖြင့် (၁၀) မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအတွက် တင်ပြလာသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာတွင် စီမံကိန်း တည်ဆောက်ခြင်းနှင့်လည်ပတ်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာထိခိုက်မှုများမရှိစေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုဖော်ပြထားပါသည်-

(က) စီမံကိန်းအဆိုပြုသူအနေဖြင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ၏ အခန်း (၄) မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်ဖော်ပြချက်များနှင့် စီမံကိန်းမှ လိုက်နာရမည့် ဥပဒေဆိုင်ရာ ကတိကဝတ်များစာရင်းတွင် ဖော်ပြထားသော ကုမ္ပဏီ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်လူမှုရေးဆိုင်ရာမူဝါဒ၊ တည်ဆဲပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေနှင့် နည်းဥပဒေများ၊ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့် နည်းဥပဒေများ၊ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များ၊ အမျိုးသားနှင့် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့် လမ်းညွှန်ချက်များ အပါအဝင် မူဝါဒနှင့် ဥပဒေရေးရာမူဘောင်များအား လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း၊

(ခ) လေအရည်အသွေးအပေါ် သက်ရောက်မှုများကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေးအပေါ် ထိခိုက်မှုလျော့ပါးစေရေး ဆောင်ရွက်မည့်အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း-

(၁) လုပ်ငန်းလည်ပတ်စဉ်ကာလအတွင်း လည်ပတ်လျက်ရှိသော Generators, ရေခဲသေတ္တာ၊ လေအေးပေးစက်များအား ပုံမှန်ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊

(၂) မော်တော်ယာဉ်များနှင့်စက်ယန္တရားကြီးများ အသုံးပြုခြင်း၊ မောင်းနှင်ခြင်းနှင့် ဆီဖြည့်ရာတွင် တိကျသော လမ်းညွှန်ချက်များ ညွှန်ကြားထားရှိပြီး မော်တော်ယာဉ် မောင်းနှင်ရာတွင် မလိုအပ်ဘဲ ယာဉ်အသုံးပြုမှုမရှိစေရေး ညွှန်ကြားထားရှိမည်ဖြစ်ကြောင်း၊

(၃) လုပ်ငန်းခွင်အတွင်း တာဝန်ကျဝန်ထမ်းများအားလုံးအား တစ်ကိုယ်ရည် ကာကွယ်ရေးဝတ်စုံများ ဝတ်ဆင်စေရေး ညွှန်ကြားထားရှိမည်ဖြစ်ကြောင်း၊

(၄) ဖုန်မှုန့်ပျံ့လွင့်မှုအား လျှော့ချရန်အတွက် လုပ်ငန်းခွင်ရှိ ဝင်/ထွက်လမ်းများအား ရေဖျန်းခြင်း ဆောင်ရွက်မည်ဖြစ်ကြောင်း။

(ဂ) ရေအရည်အသွေးအပေါ် သက်ရောက်မှုများကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေးအပေါ် ထိခိုက်မှုလျော့ပါးစေရေးဆောင်ရွက်မည့် အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း-

(၁) သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုမည့် ယာဉ်များ၊ Generators များ ပုံမှန်စစ်ဆေးပြုပြင်သွားမည်ဖြစ်ကြောင်း၊

(၂) ပျက်စီးနေသော ရေပိုက်များနှင့် ယိုစိမ့်မှုများအား ပုံမှန်စစ်ဆေးသွားမည်ဖြစ်ကြောင်း၊

(၃) ရေဆိုးနုတ်စနစ်အား လုံလောက်သော အထောက်အကူပစ္စည်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

(၄) ဝန်ထမ်းများအား သင့်တော်သော ရေအသုံးပြုမှုနည်းစနစ်များအား သိရှိနားလည်စေပြီး အလေ့အကျင့်ကောင်းများဖြင့် ဆောင်ရွက်စေမည် ဖြစ်ကြောင်း။

(ဃ) မြေအရည်အသွေးသက်ရောက်မှုကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေးအပေါ် ထိခိုက်မှုလျော့ပါးစေရေးဆောင်ရွက်မည့် အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း-

(၁) စက်ကိရိယာများနှင့်မော်တော်ယာဉ်များ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ကိုင်တွယ်ရာတွင် စက်ရုံဧရိယာအတွင်း၌သာ ဆောင်ရွက်စေမည်ဖြစ်ကြောင်း၊

(၂) လောင်စာဆီ သိုလှောင်သည့်နေရာ၊ စွန့်ပစ်အမှိုက်များ စွန့်ပစ်သည့်နေရာ၊ သန့်စင်ခန်းများအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးသွားမည်ဖြစ်ကြောင်း၊

(၃) စက်ဆီ/ ချောဆီများသိုလှောင်ထားရှိရာနေရာများ၌ ကွန်ကရစ်ကြမ်းခင်းများဖြင့် ဆောင်ရွက်ထားရှိကြောင်း။

(င) စီမံကိန်းမှ ထွက်ရှိမည့် ဆူညံသံနှင့်တုန်ခါမှုများကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေးအပေါ် ထိခိုက်မှုလျော့ပါးစေရေး ဆောင်ရွက်မည့် အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း-

(၁) Generator ကဲ့သို့သော ဆူညံသံထွက်ရှိမည့် စက်ယန္တရားများအား အသံလုံကိရိယာများ၊ တပ်ဆင်အသုံးပြုမည်ဖြစ်ကြောင်း၊

(၂) ဆူညံသံထွက်ရှိနိုင်မည့် စီမံကိန်းဧရိယာအတွင်း သတိပေးဆိုင်းဘုတ်များ ထားရှိခြင်း၊ ဝန်ထမ်းများအား Ear Plugs, Ear muffs များ ထောက်ပံ့ထားရှိမည်ဖြစ်ကြောင်း၊

(၃) Generators များနှင့် အခြားဆူညံသံထွက်ရှိမည့် စက်ပစ္စည်းများအား ပုံမှန်စစ်ဆေးခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း။

(စ) စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေးအပေါ် ထိခိုက်မှုလျော့ပါးစေရေး ဆောင်ရွက်မည့် အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း-

(၁) စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲရာတွင် Reduce၊ Reuse၊ Recycle နည်းလမ်းများကို လက်တွေ့အသုံးချဆောင်ရွက်မည်ဖြစ်ကြောင်း၊

(၂) ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သော ထုပ်ပိုးမှုဖြင့်သာ အသုံးပြုဆောင်ရွက်မည်ဖြစ်ကြောင်း၊

(၃) စက်ရုံအတွင်း စွန့်ပစ်ပစ္စည်းထွက်ရှိသည့် နေရာနှင့်အမှိုက်ပုံးများအား ပုံမှန်စစ်ဆေးသွားမည်ဖြစ်ကြောင်း၊

(၄) စီမံကိန်းအဆိုပြုသူသည် ယာယီအမှိုက်စုသည့်နေရာအား ထားရှိပေးခြင်းနှင့် စွန့်ပစ်အမှိုက်များအား ရေးမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ခွင့်ပြုထားသည့် ဧရိယာတွင် အမှိုက်များ စွန့်ပစ်သွားမည်ဖြစ်ကြောင်း။

(ဆ) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေးအပေါ် ထိခိုက်မှုလျော့ပါးစေရေး ဆောင်ရွက်မည့်အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း-

(၁) MSDS အသုံးပြု၍ Materials များအား ကိုင်တွယ်အသုံးပြုသွားမည်ဖြစ်ကြောင်း၊

(၂) စက်ပစ္စည်းများအား ပြုပြင်ထိန်းသိမ်းရာတွင် အရည်အချင်းပြည့်မီသော ဝန်ထမ်းများဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

(၃) စက်ဆီ/ချောဆီများ အရေးပေါ်ယိုဖိတ်မှုထိန်းချုပ်ရေး အစီအမံများ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

(၄) အန္တရာယ်ရှိသော ဓာတုပစ္စည်းများအား သိုလှောင်မည့်ဧရိယာနှင့်စွန့်ပစ်ဧရိယာများအား ပုံမှန်စစ်ဆေးခြင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

(ဇ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆောင်ရွက်ပေးမည့် အစီအစဉ်အား အောက်ပါအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း-

(၁) ဝန်ထမ်းများအား ပုံမှန်ဆေးစစ်ခြင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊

(၂) ပြုပြင်ထိန်းသိမ်းခြင်းများ ပြုလုပ်နေစဉ်အတွင်း ကျွမ်းကျင်ပညာရှင်များမှ သင့်တော်သော ကြီးကြပ်မှုဖြင့်သာ ဆောင်ရွက်စေမည်ဖြစ်ကြောင်း၊

(၃) ဝန်ထမ်းများအား တစ်ကိုယ်ရည်ကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊

(၄) ရှေးဦးသူနာပြုသင်တန်းများ၊ လုံခြုံရေးသင်တန်းများ၊ မီးဘေးကာကွယ်ရေးသင်တန်းများနှင့် အခြားလိုအပ်သောသင်တန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊

(၅) စီမံကိန်းဧရိယာအတွင်း သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားမည်ဖြစ်ကြောင်း၊

(၆) လုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

(ဈ) လူမှုစီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း-

(၁) ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးသွားမည်ဖြစ်ကြောင်း။

(ည) စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း -

(၁) လေအရည်အသွေးအား Diesel Generators အနီးတွင် $PM_{2.5}$,$PM_{10}$,$SO_2$,$NO_2$, Ozone, NO, S တို့အား တစ်နှစ်လျှင် နှစ်ကြိမ် စောင့်ကြပ်တိုင်းတာသွားမည်ဖြစ်ကြောင်း၊

(၂) ရေအရည်အသွေးအား စီမံကိန်းအတွင်းရှိ အဝီစိရေတွင်းမှ BOD, COD, TSS, pH,Oil and Grease, Mg, F, CL, Na, Fe တို့အား တစ်နှစ်လျှင် နှစ်ကြိမ် စောင့်ကြပ်တိုင်းတာသွားမည်ဖြစ်ကြောင်း၊

(၃) ဆူညံသံနှင့်တုန်ခါမှုအား Two Points (Source and receptor) အား တစ်နှစ်လျှင် နှစ်ကြိမ် စောင့်ကြပ် တိုင်းတာသွားမည်ဖြစ်ကြောင်း၊

(၄) စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲခြင်းအား စီမံကိန်းဧရိယာအတွင်း နေ့စဉ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးသွားမည် ဖြစ်ကြောင်း၊

(၅) မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ စီမံကိန်းဧရိယာအတွင်းရှိ Diesel Generators, Power Stations, Electric Cable များအား အပတ်စဉ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးသွားမည်ဖြစ်ကြောင်း၊

(၆) လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်မည့် အစီအစဉ်အား စီမံကိန်းဧရိယာအတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းများ၊ PPE ထောက်ပံ့ခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းများအား နေ့စဉ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးသွားမည်ဖြစ်ကြောင်း၊

(၇) မြေအရည်အသွေးအား စီမံကိန်းဧရိယာအတွင်း တစ်နှစ်လျှင် နှစ်ကြိမ် စောင့်ကြပ်တိုင်းတာသွားမည်ဖြစ်ကြောင်း၊

(၈) လောင်စာဆီယိုဖိတ်ခြင်းအတွက် စီမံကိန်းဧရိယာအတွင်းရှိ Diesel Generator, Power Stations များ၌ နေ့စဉ် စောင့်ကြပ်ကြည့်ရှု စစ်ဆေးသွားမည်ဖြစ်ကြောင်း၊

(၉) ဒေသခံပြည်သူများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စီမံကိန်းအနီးရှိ ကျေးရွာများတွင် လစဉ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးသွားမည်ဖြစ်ကြောင်း၊

(၁၀) Biodiversity and electrical maintenance အတွက် စီမံကိန်းဧရိယာအတွင်း တစ်နှစ်လျှင် တစ်ကြိမ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးသွားမည်ဖြစ်ကြောင်း၊

(၁၁) Right of way maintenance အတွက် တစ်နှစ်လျှင် တစ်ကြိမ် စောင့်ကြပ်ကြည့်ရှု စစ်ဆေးသွားမည်ဖြစ်ကြောင်း၊

(၁၂) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား စီမံကိန်းဧရိယာအတွင်း လစဉ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးသွားမည်ဖြစ်ကြောင်း။

(ဋ) စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် အသုံးပြုမည့်လျာထားအသုံးစရိတ်အဖြစ် အောက်ပါအတိုင်း လျာထားသုံးစွဲမည်ဖြစ်ကြောင်း -

(၁) စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်တွင် လေအရည်အသွေး၊ ဆူညံသံနှင့်တုန်ခါမှု၊ လေအရည် အသွေးနှင့် Environmental Audiing များအတွက် USD 3,000 သုံးစွဲသွားမည်ဖြစ်ကြောင်း။

(ဌ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါအတိုင်း လျာထားသုံးစွဲမည်ဖြစ်ကြောင်း -

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် Dust Control measure, Noise control measure, secondary Containment and leakage proof container and Training on OHS များအတွက် USD 20,400 သုံးစွဲသွားမည်ဖြစ်ကြောင်း။

၃။ Southern Myanmar Development Co.,Ltd မှ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ သပြေကျေးရွာအနီး၊ ခန့်မှန်းမြေပုံအညွှန်း (15°36'19"N 97°44'02"E) ကုလားကုတ်ဒေသ၊ မြေဧရိယာ (၂၀.၉၆) ဧကပေါ်တွင် ဒီဇယ်သုံးမီးစက်များဖြင့် (၁၀) မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအတွက် တင်ပြလာသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာအား ဒုတိယအကြိမ် ပြင်ဆင်တင်ပြလာသည့်အပေါ် စိစစ်အတည်ပြုပေးနိုင်ပါရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မွန်ပြည်နယ်မှ ရည်ညွှန်း (၁) ပါစာဖြင့် ပေးပို့လာခြင်းအား စိစစ်ရာတွင် အစီရင်ခံစာအား ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် (၃၅၊ ၃၆) တို့တွင် ဖော်ပြထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းတွင် ပါရှိရမည့် အချက်အလက်များနှင့်အညီ ပြုစုထားကြောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းများကိုလည်း ဆောင်ရွက်ထားကြောင်းနှင့် အစီရင်ခံစာပါ ထိခိုက်မှု လျှော့ချရေးအစီအစဉ်များကို တိကျစွာ အကောင်အထည်ဖော်ဆောင်ရွက်ပါကပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာထိခိုက်မှုများကို လျှော့ချနိုင်မည်ဖြစ်သဖြင့် အတည်ပြုထုတ်ပြန်နိုင်သည့် အစီရင်ခံစာတစ်စောင်ဖြစ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် အတည်ပြုပြန်ကြား

ခွင့်ပေးနိုင်ပါရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ရည်ညွှန်း (၂) ပါစာဖြင့် ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြခဲ့ရာပြည်ထောင်စုဝန်ကြီးရုံးမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အတည်ပြုပြန်ကြားရန် ရည်ညွှန်း (၃) ပါစာဖြင့် အကြောင်းကြားလာပါသည်။

၄။ သို့ဖြစ်ပါ၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ရေးဆွဲပြုစုထားကြောင်း စိစစ်သုံးသပ်တွေ့ရှိရပါသဖြင့် အတည်ပြုနိုင်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ ထုတ်ပြန်ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များ၊ နောက်ဆုံးသတ်မှတ်ထားသည့် "မူ" များအား စီမံကိန်းအဆိုပြုသူမှ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဤအတည်ပြုကြောင်းစာသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍမှ သုံးသပ်ပြန်ကြားခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ခွင့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ပါကြောင်း အတည်ပြုပြန်ကြားရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ရေးဆွဲပြုစုထားကြောင်း စိစစ်သုံးသပ်တွေ့ရှိရပါသဖြင့် အတည်ပြုကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ ထုတ်ပြန်ချမှတ်ထားသည့်ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များ၊ နောက်ဆုံးသတ်မှတ်ထားသည့် "မူ" များအား စီမံကိန်းအဆိုပြုသူမှ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဤအတည်ပြုကြောင်းစာသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍမှ သုံးသပ်ပြန်ကြားခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ခွင့်မှာ သက်ဆိုင်ရာဌာန၏မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်းနှင့် စီမံကိန်းအဆိုပြုသူအနေဖြင့် စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပိုဒ် (၂) ပါ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များအပါအဝင် အောက်ဖော်ပြပါအချက်များအား အလေးထားလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း အကြောင်းကြားပါသည်-

(က) မူဝါဒ၊ ဥပဒေ၊ အဖွဲ့အစည်းဆိုင်ရာမူဘောင်နှင့် စံချိန်စံညွှန်းစပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်း ကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရမည့်အပြင် ယင်း၏ကိုယ်စား စီမံကိန်းကို ဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများအားလုံးသည် စီမံကိန်းအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင်သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်နှင့် စည်းကမ်းချက်များအားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်ရန်၊

(၂) အစီရင်ခံစာတွင် ဖော်ပြထားသော ကတိကဝတ်များအား အပြည့်အဝလိုက်နာဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ ကုမ္ပဏီ၏ မူဝါဒများ၊ စီမံကိန်း နှင့်သက်ဆိုင်သော မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေတို့ကို လိုက်နာဆောင်ရွက်ရန်။

(ခ) မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ် (၂၀၂၀) အရ စွန့်ပစ်ပစ္စည်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ထားရှိရမည်-

(၁) စီမံကိန်းမှထွက်ရှိလာမည့် ပလပ်စတစ်စွန့်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ ဓာတ်အားလိုင်းသွယ်တန်းခြင်းနှင့် ဓာတ်အားခွဲရုံ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လေဟာပြင်မီးရှို့ခြင်းလုပ်ငန်းများ ပပျောက်ရေး ဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့် ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၄) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(၅) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်များနှင့် ဓာတ်အားလိုင်းသွယ်တန်းခြင်းနှင့် ဓာတ်အားခွဲရုံ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၆) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်။

(ဂ) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀) တို့နှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ထားရှိရန်-

(၁) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်မီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၂) ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့်လိုက်လျောညီထွေဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတစီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟာစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၃) လတ်တလောနှင့်ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရန်၊ ပြန်လည်ထူထောင်ရန်နှင့် လူမှုကာကွယ်စောင့်ရှောက်မှုများကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များအား ဆောင်ရွက်ထားရှိရန်၊

(၄) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန်အတွက် ရင်းမြစ်များအား စုစည်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးပြီး အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်။

(ဃ) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေး အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ ကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော (သို့မဟုတ်) ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း (သို့မဟုတ်)ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့်ထိန်းချုပ်ထားခြင်းမရှိသည့်အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၂) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၃) ပတ်ဝန်းကျင်နှင့်သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်ခြင်း။

(င) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများ ဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ စာဖြင့်အသိပေးရမည်။ ပျက်ကွက်မှုတစ်ခုခုကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့်ကိစ္စ သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့်ကိစ္စကို (၂၄) နာရီ အတွင်းလည်းကောင်း၊ အခြားကိစ္စများအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ (၇) ရက်အတွင်းလည်းကောင်း ဝန်ကြီး ဌာနသို့ အသိပေးတင်ပြရမည်။

(စ) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှု နည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယ တိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဆ) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှု အစီအစဉ်များအား ပြန်လည်သုံးသပ်ဆောင်ရွက်ခြင်း၊ မီးဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်များ၊ အရေးပေါ်ဘေးအန္တရာယ် ကာကွယ်ရေးစီမံချက်များအား ရေးဆွဲအကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်သွားရမည်။

(ဇ) လူမှုတာဝန်သိအစီအစဉ် (CSR Activities) နှင့်စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများ (Stakeholders) များနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရမည်။

(ဈ) စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အများပြည်သူသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ကတိကဝတ်များအား စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေး ဖြန့်ဝေအသိပေးထုတ်ဖော်ကြေငြာရမည်။

(ည) စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စောင့်ကြပ်ကြည့်ရှုမည့် နယ်ပယ် (လေ၊ ရေ၊ ဆူညံသံ၊ စွန့်ပစ်ပစ္စည်း) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓါတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့်မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း သင့်လျော်ရာ နည်းလမ်း အသုံးပြုထုတ်ဖော်ကြေငြာရန်၊

(၂) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင်ဖော်ပြထားသည့်ကတိကဝတ်အတိုင်းလိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၃) အစီရင်ခံစာတွင် ဖော်ပြထားသော ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေး ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတိုင်း အလေးထားလိုက်နာဆောင်ရွက်ရန်၊

(၄) လျှပ်စစ်၊ သံလိုက်နှင့် လျှပ်စစ်သံလိုက်စက်ကွင်းတို့သည် သတ်မှတ်ထားသည့် ပမာဏထက်ကျော်လွန်နေပါက Engineering techniques များသုံး၍ လျှော့ချသွားမည့် အစီအစဉ်နှင့် လျှပ်စစ်ဓာတ်အားလိုင်းတစ်လျှောက်ရှိ အနီးဆုံးထိခိုက်ခံစားရနိုင်သူများ (Closet Receptor) များကို ကိုယ်စားပြုနိုင်မည့် နေရာများတွင် EMF Exposure Monitoring ကို ၆ လ တစ်ကြိမ် ဆောင်ရွက်ရန်၊

(၅) စီမံကိန်းလည်ပတ်ရေးကာလတွင် စီမံကိန်း၏ သွယ်ယူရေးလိုင်း/ တာဝါတစ်ခုချင်းအကြား အသုံးပြုမည့်လမ်းကြောင်း (Right Of Way)အရ အပင်များ ခုတ်ထွင်ရှင်းလင်းရာ၌ ဓာတ်အားလိုင်းတစ်လျှောက် သစ်ပင်များအား လိုအပ်မှသာလျှင် ခုတ်ထွင်ရှင်းလင်းရန်၊ စီမံကိန်းဆောင်ရွက်နေစဉ်အတွင်း ခုတ်ထွင်ရှင်းလင်းမည့် သစ်ပင်များအား ပြန်လည်စိုက်ပျိုးမည့်အစီအစဉ်အား ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းအစီအစဉ်တို့၌ ထည့်သွင်း၍ (၆) လ တစ်ကြိမ် တင်ပြရန်၊

(၆) စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ စီမံကိန်း၏ သက်ရောက်မှုနယ်မြေဧရိယာအတွင်းရှိစောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ၊ Bio-diversity နှင့် Social) များအား လူမှုပတ်ဝန်းကျင်နှင့် Sensitive Recptor များအား ကိုယ်စားပြုနိုင်သော တည်နေရာအတိကျအား Google earth မြေပုံတွင် ထည့်သွင်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လ တစ်ကြိမ် တင်ပြမည့် စောင့်ကြပ်ကြည့်ရှုခြင်း အစီရင်ခံစာတွင် တင်ပြရန်၊

(၇) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့်ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်များ အကောင်အထည်ဖော်မှုအတွက် သုံးစွဲမည့်ရန်ပုံငွေကို ဘဏ်တစ်ခုခုတွင် ထည့်သွင်းထားသော Bank Statement အား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ဤအတည်ပြုစာ ထုတ်ပြန်ပြီးနောက် (၆) လ အတွင်း ပြန်လည်တင်ပြမည့် စောင့်ကြပ်ကြည့်ရှုခြင်းအစီရင်ခံစာတွင် ပြန်လည်တင်ပြရန်။

(ဋ) Operation ကာလတွင် ဆောင်ရွက်သွားမည့် လုပ်ငန်းဆောင်ရွက်ချက်များကြောင့် ဖြစ်ပေါ်လာမည့်ထိခိုက်မှုများအတွက် လျော့ပါးစေရေးအစီအစဉ်များကိုစီမံကိန်းတစ်ခုလုံး ခြုံငုံမိစေရေး ဖော်ပြရမည်။

(ဌ) လျှပ်စစ်၊ သံလိုက်နှင့် လျှပ်စစ်သံလိုက်စက်ကွင်းတို့အား အများပြည်သူ ထိတွေ့ခံရမှုနှင့် ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ (၂.၁.၁၀) လျှပ်စစ်ဓာတ်အားထုတ်လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း (Electric Power Transmission and Distribution) နှင့်အညီ ဆောင်ရွက်သွားရမည်။

(ဍ) စီမံကိန်းမှထွက်ရှိမည့် ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ PCB (Polychlorinated Biphenyl), SF6 (Sulfur hexafluoride) နှင့် ထရမ်စဖော်မာဆီ စသည်တို့အား သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း ၊ စုပုံခြင်းနှင့် စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ IFC: Guidance Note 4: Community Health, Safety and Security ၊ IFC: Environmental Health Safety (EHS) Guidelines-General EHS Guidelines ၊ IFC: Environmental, Health ,Safety Guideline “1.5 Hazardous Material Management”, UNEP:2002 “PCB Transformers and Capacitors From Management to Reclassification and Disposal နှင့် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးထားသည့် Basel Convention ပါ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား စနစ်တကျစီမံခန့်ခွဲရမည့် အစီအစဉ်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဎ) လျှပ်စစ်၊ သံလိုက်နှင့် လျှပ်စစ်သံလိုက်စက်ကွင်းတို့အား အများပြည်သူထိတွေ့ခံစားရမှု လျော့နည်းစေရန် Power Transmission Facilities များကို Human Occupancy မြင့်မားသောနေရာများ(ဥပမာ-ကျောင်းများ၊ ဆေးရုံများ)အားရှောင်ရှား၍ တည်ဆောက်ရမည်။

(ဏ) လျှပ်စစ်ဓာတ်အားလိုင်း တည်ဆောက်ဖြန့်ဖြူးခြင်းကြောင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ရှိနိုင်မှုများ (ဥပမာ- Live Power Lines ၊ Working at height ၊ Electric and Magnetic Fields ၊ Exposure To Chemicals) များနှင့်ပတ်သက်၍ IFC: Environmental, Health, and Safety Guidelines for Electric Power Transmission and Distribution Guideline နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(တ) Avian and Bat Collisions and Electrocutions များနှင့်ပတ်သက်၍ စီမံကိန်းမှ တည်ဆောက်မည့် လျှပ်စစ်ဓာတ်အားလိုင်းများ၏ တည်နေရာနှင့်အမြင့်သည် Avian (Bats & Birds) များ၏ ပျံသန်းရာလမ်းကြောင်းအပေါ်တွင် ထိခိုက်မှုမရှိစေရေး တည်ဆောက်ရန်နှင့် လျှပ်စစ်ဓာတ်အားလိုင်းတစ်လျှောက်တွင် သိသာစွာမြင်နိုင်မည့် ကိရိယာများ (ဥပမာ- Marker Ball များ၊ Deterrent များနှင့် Diverter များ) တပ်ဆင်ထားရှိရန်၊ စီမံကိန်းသက်တမ်းတစ်လျှောက် Avian and Bat Collisions

နှင့်ပတ်သက်၍ Collision Rate နှင့် Mortality Rate တို့ကို စောင့်ကြပ်ကြည့်ရှုရန်နှင့် မှတ်တမ်းများထားရှိရမည်။

(ထ) အများပြည်သူ လျှပ်စစ်ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် လျှပ်စစ်တာဝါတိုင်များနှင့် လျှပ်စစ်ဓာတ်အားခွဲရုံများတွင် သတိပေးဆိုင်းဘုတ်များတပ်ဆင်ခြင်း၊ အကာအရံများ တပ်ဆင်ခြင်း၊ ခြံစည်းရိုးများတည်ဆောက်ခြင်းနှင့် ဒေသခံပြည်သူများအား လျှပ်စစ်ဘေးအန္တရာယ် ဆိုင်ရာ အသိပညာပေးဟောပြောပွဲများအား ဆောင်ရွက်ပေးရမည်။

(ဒ) မြေယာရယူခြင်း၊ မြေယာလျော်ကြေးပေးချေခြင်း၊ သီးနှံနှင့်သစ်ပင်လျော်ကြေးပေးချေခြင်းများနှင့်အသက်မွေးဝမ်းကြောင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဆက်စပ်ဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ အခြားဆက်စပ်ပတ်သက်သူများ ပါဝင်သော ကော်မတီဖွဲ့စည်းကာ ဒေသခံများနှင့် ညှိနှိုင်းသဘောတူညီချက်များရယူ၍ သက်ဆိုင်ရာဝန်ကြီးဌာနများက ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများ၊ အပြည်ပြည်ဆိုင်ရာအလေ့အကျင့်ကောင်းများနှင့် အညီ ဆောင်ရွက်ရမည်။

(ဓ) လျှပ်စစ်ဓာတ်အားလိုင်း တည်ဆောက်ခြင်းကြောင့် သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် ပတ်သက်၍ အပင်ပြန်လည်စိုက်ပျိုးပေးခြင်းနှင့် လျော်ကြေးပေးချေခြင်းများကို သစ်တောဦးစီးဌာနနှင့် မြို့တော်စည်ပင်သာယာရေးကော်မတီများ၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်ရမည်။

(န) စီမံကိန်း၏ အောက်ခြေတာဝါစိုက်ထူခြင်းများဆောင်ရွက်ရန်အတွက် မြေယာရယူမည်ဖြစ်ရာ စီမံကိန်း၏ မြေရယူခြင်းကြောင့် ဒေသခံများနှင့်အငြင်းပွားမှု၊ မကျေနပ်ချက်များဖြစ်ပေါ်ခြင်းမရှိစေရေး ညှိနှိုင်းဆောင်ရွက်ရန်နှင့် မြေယာလျော်ကြေးပေးချေရာတွင် ကာလပေါ်ပေါက်ဈေး ပေးလျော်ခြင်းသာမက အပြည်ပြည်ဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့်အညီ Transisition Allowance ၊ Mixing Allowance နှင့် Disturbance Allowance စသည်တို့ကိုလည်း ထည့်သွင်းစဉ်းစားပေးချေရမည်။

(ပ) ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် Wildlife Species များ၏ Breeding And Nesting Seasons ကို တတ်နိုင်သမျှ ရှောင်ရှား၍ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ဖ) အငြင်းပွားမှုများ၊ မကျေနပ်မှုများဖြေရှင်းရေးအတွက် Grievance Mechanism ဆိုင်ရာ အချက်အလက်များ၊ တာဝန်ယူဖြေရှင်းမည့် ပုဂ္ဂိုလ်၏ အမည်နှင့်ဖုန်းနံပါတ်၊ ဆက်သွယ်ပေးပို့ရမည့် လိပ်စာစသည်တို့ကို စီမံကိန်းတည်ရှိရာနေရာနှင့် နီးစပ်သည့် မြို့နှင့်ကျေးရွာများရှိ အုပ်ချုပ်ရေးမှူးရုံးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးများသို့ ဖြန့်ဝေဆောင်ရွက်သွားရမည်။

(ဗ) မတော်တဆဖြစ်စဉ်၏ ပတ်ဝန်းကျင်ထိခိုက်မှုအတွက် အာမခံလျော်ကြေးပေးသည့် စနစ်ထားရှိရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုအကျိုးဆက်များအား ပြီးပြတ်သည်အထိ တာဝန်ယူဆောင်ရွက်ရမည်။

(ဘ) လျှပ်စစ်ဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်တွင် ပိုင်ရှင်သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူ မရှိသော ရှေးဟောင်းဝတ္ထုပစ္စည်းဟု ယူဆရသောပစ္စည်းတစ်ခုခုကို တွေ့ရှိလျှင် ရှေးဟောင်းဝတ္ထုပစ္စည်းကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၁၂၊ ပုဒ်မ ၁၃ (က) အရ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မွန်ပြည်နယ်သို့ ဆက်သွယ်အကြောင်းကြားရမည်။

(မ) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ယ) စီမံကိန်းအဆင့်တိုင်းတွင် ထုတ်လွှတ်မှုဆိုင်ရာစံနှုန်းများဖြစ်သည့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (၂၀၁၅) အား လိုက်နာရမည့်အပြင် နိုင်ငံတကာစံသတ်မှတ်ချက်များနှင့် လမ်းညွှန်ချက်များ ဖြစ်သည့် IFC Performance Standards on Environmental and Social Sustainability, January (2012)၊ Environmental, Health and Safety (EHS) Guidelines, General EHS Guidelines၊ World Bank Group ၏ Environmental Health and Safety (EHS) General Guidelines(2007)စသည်တို့ကိုအကောင်းဆုံးအလေ့အထများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ရ) စီမံကိန်းပတ်ဝန်းကျင်ရှိ ပြည်သူများနှင့် စီမံကိန်းလုပ်သားများအတွက် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အလေးထားဆောင်ရွက်ရန်နှင့် အကယ်၍ စီမံကိန်းတွင် မတော်တဆဖြစ်ပွားခြင်း၊ နည်းပညာဆိုင်ရာ အပြောင်းအလဲများရှိပါက ဝန်ကြီးဌာနသို့ အချိန်နှင့်တပြေးညီ အစီရင်ခံတင်ပြရမည်။

(လ) ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် (၃၄)ပါ ပြဋ္ဌာန်းချက်နှင့်အညီ စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူနှင့်လူမှုအဖွဲ့အစည်းများက သိရှိနိုင်ရန်စီမံကိန်း သို့မဟုတ် စီမံကိန်း အဆိုပြုသူ၏ ဝက်ဘ်ဆိုက်တွင်တင်ပြခြင်းနှင့် စီမံကိန်းနေရာများတွင် အများပြည်သူ မြင်တွေ့နိုင်သည့် ဆိုင်းဘုတ်များနှင့် ကြော်ငြာ သင်ပုန်းများထင်ရှားစွာ စိုက်ထူခြင်း၊ သတင်းနှင့်မီဒီယာများတွင် ထုတ်ဖော်ကြေညာခြင်းများ ဆောင်ရွက်သွားရမည်။

(ဝ) အတည်ပြုထားသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ (၇) စုံကို Soft Copy ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ပေးပို့ရာတွင် တစ်ဖက်ပါ အချက်အလက်များကို ထည့်သွင်းပေးပို့ရမည်-

၁၅

(၁) စီမံကိန်းအကြောင်းအရာဖော်ပြချက်အခန်းတွင် လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်၏ Flow Chart အား ထည့်သွင်းဖော်ပြသွားရန်နှင့်လုပ်ငန်းစဉ်အဆင့်ဆင့်တွင် စွန့်ထုတ် အရည် (Effluent Level) ထွက်ရှိနိုင်မှု ရှိ/မရှိအား ဖော်ပြရန်၊

(၂) လက်ရှိပတ်ဝန်းကျင်အခြေအနေတွင် စွန့်ပစ်ရေအရည်အသွေး၊ လေအရည်အသွေးအား အနည်းဆုံး (၂) Point တိုင်းတာဖော်ပြရန်၊ လေအရည်အသွေးတွင် $SO_2$ ကျော်လွန်နေသည့်အတွက် လေအရည်အသွေးစီမံခန့်ခွဲမှု အစီအစဉ်ခွဲတွင် အဆိုပါ ကျော်လွန်နေမှုနှင့်ပတ်သက်၍ ဆောင်ရွက်မည့်အချက်များအား ထည့်သွင်းဖော်ပြရန်၊ လေအရည်အသွေးတိုင်းတာဖော်ပြထားမှုသည် Ambient Air တိုင်းတာထားခြင်းဟုသာ ယူဆရသည့်အတွက် Air Emission ကို တိုင်းတာဖော်ပြရန်၊

(၃) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ခွဲများနှင့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်များအတွက် ရန်ပုံငွေလျာထားချက်အား ဖော်ပြရာတွင် အစီအစဉ်တစ်ခုချင်းစီအလိုက် ခန့်မှန်းကုန်ကျစရိတ်များအား တွက်ချက်ဖော်ပြရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ခွဲများတွင် ဒေသခံပြည်သူများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်မည့်အစီအစဉ်များအား ထည့်သွင်းဖော်ပြရန်၊

(၅) အစီရင်ခံစာ၏ နောက်ဆက်တွဲတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းအတွက် အစိုးရနှင့် MOU စာချုပ် ချုပ်ဆိုမှုများအား ထည့်သွင်းဖော်ပြရန်။

22/6/2023
(သိန်းတိုး)
ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး၊သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ရုံးအမှတ် (၂၈)
ညွှန်ကြားရေးမှူးရုံး၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊
မွန်ပြည်နယ်
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းဌာန
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းချုပ်ရေးဌာန
(အတည်ပြု(IEE) ပါ ကတိကဝတ်များ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး ကြပ်မတ်ပေးပါရန်)
ရုံးလက်ခံ၊ မျှောစာတွဲ

## Appendix- 30 IEE confirmation letter from Mon ECD

ညွှန် ကြား ရေး မှူး ရုံး
ပတ် ဝန်း ကျင် ထိန်း သိမ်း ရေး ဦး စီး ဌာ န
မွန် ပြည် နယ်၊ မော် လ မြိုင် မြို့
စာအမှတ်၊ အီးအိုင်အေ-၂/၆/၇(၀၄)( /၂၀၂၃)
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်

သို့

အုပ်ချုပ်မှုဒါရိုက်တာ
Southern Myanmar Development Co., Ltd.
သပြေကျေးရွာအနီး၊ ရေးမြို့နယ်၊ မော်လမြိုင်ခရိုင်၊ မွန်ပြည်နယ်
၀၉-၄၂၄၂၂၂၂၅၀

အကြောင်းအရာ။ **Southern Myanmar Development Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒီဇယ်သုံးမီးစက်များဖြင့် (၁၀) မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းအတွက် တင်ပြလာသော ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာအား အတည်ပြုကြောင်းနှင့် အတည်ပြု IEE အစီရင်ခံစာ (၇) စုံ ပေးပို့ရန် အကြောင်းကြားခြင်း**

ရည် ညွှန်း ချက် ။
(၁) ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်၏ ၂၀-၁-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ EIA -၁/ထွေ(Report ဖြန့်ဝေ) (၁၅၂/၂၀၂၃)
(၂) ညွှန်ကြားရေးမှူးရုံး၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မွန်ပြည်နယ်၏ ၈-၂-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ-၂/၆/၇(၀၁)(၂၂၂/၂၀၂၃)
(၃) Southern Myanmar Development ၏ ၇-၃-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ SMD/ ADM/ GOVT/ 044-2023 တင်ပြစာ
(၄) ညွှန်ကြားရေးမှူးရုံး၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မွန်ပြည်နယ်၏ ၄-၄-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ-၂/၆/၇(၀၃)(၆၃၂/၂၀၂၃)
(၅) ညွှန်ကြားရေးမှူးချုပ်ရုံး၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်၏ ၂၂-၆-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ EIA-၂/၉/ အတည်ပြု(IEE) (၂၄၄၆/၂၀၂၃)

(၆) ညွှန်ကြားရေးမှူးချုပ်ရုံး၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်၏ ၂၂-၆-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ EIA-၂/၉/အတည်ပြုပြန်ကြား (IEE) (၂၄၄၅/၂၀၂၃)

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (ဦးစီးရုံးချုပ်) မှ ပထမအကြိမ် ဖြန့်ဝေပေးပို့လာသော IEE/ EMP အစီရင်ခံစာ (၃၅) အုပ်အနက် ရည်ညွှန်း (၁)ပါ စာဖြင့် မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ IEE အစီရင်ခံစာ (၃)အုပ် လက်ခံရရှိခဲ့ပြီး အဆိုပါ IEE အစီရင်ခံစာ (၃) အုပ်အနက် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့နယ်၊ သပြေကျေးရွာအနီးတွင် ၁၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချမည့်လုပ်ငန်းအတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း IEE အစီရင်ခံစာအား မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ရည်ညွှန်း (၂)ပါစာဖြင့် သဘောထားမှတ်ချက်ပြန်ကြားခဲ့ရာ ကုမ္ပဏီမှ ပြင်ဆင်ဖြည့်စွက်ပြီး ရေးဆွဲတင်ပြလာသော ဒုတိယအကြိမ် IEE အစီရင်ခံစာအား ရည်ညွှန်း(၃)ပါစာဖြင့် ပြန်လည်တင်ပြလာပါသည်။

၂။ ဆက်လက်၍ ကုမ္ပဏီမှ ပြင်ဆင်ဖြည့်စွက်ပြီး ရေးဆွဲတင်ပြလာသော ဒုတိယအကြိမ် IEE အစီရင်ခံစာအား မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးရုံးချုပ် (နေပြည်တော်) သို့ ရည်ညွှန်း (၄)ပါစာဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် (၃၅၊ ၃၆)တို့တွင် ဖော်ပြထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းတွင်ပါရှိရမည့် အချက်အလက်များနှင့်အညီ ပြုစုထားပါကြောင်း၊ ပတ်ဝန်းကျင်ဆန်းစစ်ခြင်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းများကိုလည်း ဆောင်ရွက်ထားပါကြောင်းနှင့် အစီရင်ခံစာပါ ထိခိုက်မှု လျော့ချရေးအစီအစဉ်များကို တိကျစွာ အကောင်အထည်ဖော်ဆောင်ရွက်ပါက ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုများကို လျော့ချနိုင်မည်ဖြစ်ပြီး အတည်ပြုသည့် အစီရင်ခံစာဖြစ်ပါကြောင်း စိစစ်တွေ့ရှိရပါဖြင့် အတည်ပြုခွင့်ပေးနိုင်ပါရန် ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြခဲ့ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အတည်ပြုပြန်ကြားခွင့် ပြုပါကြောင်း ဦးစီးရုံးချုပ်မှ ရည်ညွှန်း (၅)ပါစာဖြင့် ညွှန်ကြားလာပါသည်။

၃။ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့နယ်၊ သပြေကျေးရွာအနီး Southern Myanmar Development Co.,Ltd ၏ ဒီဇယ်သုံးမီးစက်များဖြင့် (၁၀) မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၏ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာအား ရည်ညွှန်း (၆)ပါစာဖြင့် အတည်ပြုပါကြောင်းနှင့် စီမံကိန်းအဆိုပြုသူအနေဖြင့် တစ်ဖက်ပါအချက်များအား ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ပါကြောင်း အကြောင်းကြားပါသည်-

(က) စီမံကိန်းအကြောင်းအရာဖော်ပြချက်အခန်းတွင် လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်၏ Flow Chart အား ထည့်သွင်းဖော်ပြသွားရန်နှင့် လုပ်ငန်းစဉ်အဆင့်ဆင့်တွင် စွန့်ထုတ်အရည် (Effluent Level) ထွက်ရှိမှု ရှိ/မရှိအား ဖော်ပြရန်၊

(ခ) လက်ရှိပတ်ဝန်းကျင်အခြေအနေတွင် စွန့်ပစ်ရေအရည်အသွေး၊ လေအရည်အသွေး အား အနည်းဆုံး (၂) Point တိုင်းတာဖော်ပြရန်၊ လေအရည်အသွေးတွင် $SO_2$ ကျော်လွန်နေသည့်အတွက် လေအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်ခွဲတွင် အဆိုပါ ကျော်လွန်နေမှုနှင့်ပတ်သက်၍ ဆောင်ရွက်မည့်အချက်များအား ထည့်သွင်းဖော်ပြရန်၊ လေအရည်အသွေးတိုင်းတာဖော်ပြထားမှုသည် Ambient Air တိုင်းတာထားခြင်းဟု ယူဆရသည့်အတွက် Air Emission ကို တိုင်းတာဖော်ပြရန်၊

(ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ခွဲများနှင့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်များအတွက် ရန်ပုံငွေလျာထားချက်အား ဖော်ပြရာတွင် အစီအစဉ်တစ်ခုချင်းစီအလိုက် ခန့်မှန်းကုန်ကျစရိတ်များအား တွက်ချက်ဖော်ပြရန်၊

(ဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ခွဲများတွင် ဒေသခံပြည်သူများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်မည့်အစီအစဉ်များအား ထည့်သွင်းဖော်ပြရန်၊

(င) အစီရင်ခံစာ၏ နောက်ဆက်တွဲတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းအတွက် အစိုးရနှင့် MOU စာချုပ် ချုပ်ဆိုမှုများအား ထည့်သွင်းဖော်ပြရန်။

၄။ သို့ဖြစ်ပါ၍ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ရေးမြို့နယ်၊ သပြေကျေးရွာအနီး Southern Myanmar Development Co.,Ltd ၏ ဒီဇယ်သုံးမီးစက်များဖြင့် (၁၀) မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအနေဖြင့် ပြန်လည်တင်ပြရမည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာတွင် အထက်အပိုဒ်(၂)၊ အပိုဒ်ခွဲ (က) မှ (င) အချက်များအား ထည့်သွင်းဖြည့်စွက်ဖော်ပြရမည့်အပြင် ကတိကဝတ်ပြုဖော်ပြချက်များ၌ စီမံကိန်းအဆိုပြုသူနှင့် အစီရင်ခံစာရေးသားပြုစုသူတို့မှ မူရင်းလက်မှတ်ဖြင့် လက်မှတ်ရေးထိုးပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန(နေပြည်တော်)သို့ Hard Copy (၇)စုံ/ Soft Copy (CD) (၇)ခွေနှင့်အတူ (၂၂-၆-၂၀၂၃) ရက်နေ့မှစ၍ (၁) လအတွင်း ညွှန်ကြားရေးမှူးချုပ်ရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊

နေပြည်တော်သို့ ပေးပို့ရန်နှင့် မွန်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ မိတ္တူပေးပို့သွားရန် အကြောင်းကြားပါသည်။

၃၀.၆.၂၀၂၃

(ကျော်သူရလှိုင်)

ညွှန်ကြားရေးမှူး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

မိတ္တူကို

မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မော်လမြိုင်မြို့

ဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရအဖွဲ့

ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်

တာဝန်ခံအရာရှိ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့

ရုံးလက်ခံ

မျှောစာတွဲ

## Appendix- 31 ECD comments reply table for approved version

| စဉ် | သဘောထားမှတ်ချက်များ | ပြန်လည်ဖြည့်စွက်တင်ပြချက်များ | မှတ်ချက် |
|---|---|---|---|
| ၁။ | စီမံကိန်းအကြောင်းအရာဖော်ပြချက်အခန်းတွင် လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်၏ Flow Chart အား ထည့်သွင်းဖော်ပြသွားရန်နှင့် လုပ်ငန်းစဉ်အဆင့်ဆင့်တွင် စွန့်ထုတ်အရည် (Effluent level) ထွက်ရှိနိုင်မှု ရှိ/မရှိအား ဖော်ပြရန်၊ | စီမံကိန်းအကြောင်းအရာဖော်ပြချက်အခန်းတွင် လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်၏ Flow Chart အား အစီရင်ခံစာ၏ စာမျက်နှာ (၇၇) ရှိ Figure 5- 1 Generation Flow Chart တွင် ဖော်ပြထားပါသည်။<br>လုပ်ငန်းစဉ်အဆင့်ဆင့်တွင် စွန့်ထုတ်အရည် (Effluent level) ထွက်ရှိနိုင်မှု မရှိကြောင်းကို စာမျက်နှာ (၉၂) ရှိ အခန်းခွဲ ၅.၆ Potential Impacts တွင် ဖြည့်စွက် ဖော်ပြထားပါသည်။ | |
| ၂။ | လက်ရှိပတ်ဝန်းကျင်အခြေအနေတွင် စွန့်ပစ်ရေအရည်အသွေး၊ လေအရည်အသွေးအား အနည်းဆုံး (၂) Point တိုင်းတာဖော်ပြရန်၊ လေအရည်အသွေးတွင် $SO_2$ ကျော်လွန်နေသည့် အတွက် လေအရည်အသွေးစီမံခန့်ခွဲမှု အစီအစဉ်ခွဲတွင် အဆိုပါ ကျော်လွန်နေမှုနှင့် ပတ်သက်၍ ဆောင်ရွက်မည့် အချက်များအား ထည့်သွင်းဖော်ပြရန်၊ လေအရည်အသွေး တိုင်းတာဖော်ပြထားမှုသည် Ambient Air တိုင်းတာထားခြင်းဟုသာ ယူဆရသည့် အတွက် Air Emission ကို တိုင်းတာဖော်ပြရန်၊ | အနီးပတ်ဝန်းကျင်ရှိ ဘုန်းကြီးကျောင်းအတွင်း လေအရည်အသွေး တိုင်းတာထားမှုအား အစီရင်ခံစာ၏ စာမျက်နှာ (96) ရှိ 6.3.1. Ambient Air Quality and Results ထပ်မံ ဖြည့်စွက် ဖော်ပြထားပါသည်။<br>ယခင်တိုင်းတာထားသည့် လေအရည်အသွေး တွင် $SO_2$ ကျော်လွန်နေသည့် အတွက် လေအရည်အသွေးစီမံခန့်ခွဲမှု အစီအစဉ်ခွဲတွင် အဆိုပါ ကျော်လွန်နေမှုနှင့်<br>ပတ်သက်၍ ဆောင်ရွက်မည့် အချက်များအား အစီရင်ခံစာ၏ စာမျက်နှာ (၁၃၃) ရှိ ၈.၁၀.၁. Mitigation Measures of Impact on air quality နှင့် စာမျက်နှာ (၁၄၃) ရှိ Table 9- 2 Environmental Management Plan for operation phase တွင် ထည့်သွင်း ဖော်ပြထားပါသည်။ | |

| စဉ် | သဘောထားမှတ်ချက်များ | ပြန်လည်ဖြည့်စွက်တင်ပြချက်များ | မှတ်ချက် |
|---|---|---|---|
| | | လေအရည်အသွေး တိုင်းတာဖော်ပြထားမှုသည် Ambient Air Quality ကို တိုင်းတာရန် ရည်ရွယ်ထားခြင်းဖြစ်ခဲ့သော်လည်း Air Quality Point 1 သည် Near Transmitter တွင် လည်ပတ်နေစဉ်ကာလတွင် တိုင်းတာခဲ့ခြင်း ဖြစ်သောကြောင့် Air Emission ကို တိုင်းတာထားခြင်းဟုလည်း ယူဆနိုင်ပါသည်။ ထို့အပြင် ယခု ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာအား အတည်ပြုပြီးနောက် ၆ လ တစ်ကြိမ် တင်ပြရမည့် Monitoring Report တွင် Air Emission ကို အဆိုပါကာလ၏ လုပ်ငန်းလုပ်ဆောင်နိုင်မှုအခြေအနေအပေါ် မူတည်၍ တိုင်းတာစောင့်ကြည့်တင်ပြသွားမည် ဖြစ်ပါသည်။ ကနဦးပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအတွက် လေ့လာကွင်းဆင်းခဲ့သည့် ကာလတွင် စီမံကိန်းကြောင့် တိုက်ရိုက်ထွက်ရှိသော စွန့်ပစ်ရေ မရှိသောကြောင့် တိုင်းတာရန် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။<br><br>သို့သော် အစီရင်ခံစာအား အတည်ပြုပြီးနောက် ၆ လ တစ်ကြိမ် တင်ပြရမည့် Monitoring Report တွင် ဝန်ထမ်းဆောင်နှင့် စားဖိုဆောင်မှ ထွက်ရှိလာနိုင်သည့် ရေဆိုးများကို တိုင်းတာစောင့်ကြည့်တင်ပြသွားမည် ဖြစ်ပါသည်။ | |

| စဉ် | သဘောထားမှတ်ချက်များ | ပြန်လည်ဖြည့်စွက်တင်ပြချက်များ | မှတ်ချက် |
|---|---|---|---|
| ၃။ | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ခွဲများနှင့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်များ အတွက် ရန်ပုံငွေလျာထားချက်အား ဖော်ပြရာတွင် အစီအစဉ်တစ်ခုချင်းစီအလိုက် ခန့်မှန်းကုန်ကျ စရိတ်များအား တွက်ချက်ဖော်ပြရန်၊ | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ခွဲများနှင့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်များအတွက် ရန်ပုံငွေလျာထားချက်အား ဖော်ပြရာတွင် အစီအစဉ်တစ်ခုချင်းစီအလိုက် ခန့်မှန်းကုန်ကျ စရိတ်များအား အစီရင်ခံစာ၏ စာမျက်နှာ (၁၄၃) ရှိ Table ၉- ၂ Environmental Management Plan for operation phase နှင့် စာမျက်နှာ (၁၄၉) ရှိ Table ၉ - ၃ Environmental Management Plan for decommissioning phase၊ စာမျက်နှာ (၁၅၄) ရှိ Table ၉ - ၄ Environmental monitoring plan for operation and decommissioning phases တွင် တွက်ချက်ဖော်ပြထားပါသည်။ | |
| ၄။ | ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ခွဲများတွင် ဒေသခံပြည်သူများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်မည့်အစီအစဉ်များအား ထည့်သွင်းဖော်ပြရန်၊ | ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ခွဲများတွင် ဒေသခံပြည်သူများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်မည့် အစီအစဉ်များအား အစီရင်ခံစာ၏ စာမျက်နှာ (၁၄၃) ရှိ Table ၉ - ၂ Environmental Management Plan for operation phase နှင့် စာမျက်နှာ (၁၄၉) ရှိ Table ၉ - ၃ Environmental Management Plan for decommissioning phase တွင် ထည့်သွင်းဖော်ပြထားပါသည်။ | |

| စဉ် | သဘောထားမှတ်ချက်များ | ပြန်လည်ဖြည့်စွက်တင်ပြချက်များ | မှတ်ချက် |
|---|---|---|---|
| ၅။ | အစီရင်ခံစာ၏ နောက်ဆက်တွဲတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း အတွက် အစိုးရနှင့် MOU စာချုပ် ချုပ်ဆိုမှုများအား ထည့်သွင်းဖော်ပြရန်။ | Southern Myanmar Development Co., Ltd. မှ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ သပြေကျေးရွာ အနီးတွင် ဆောင်ရွက်နေသည့် ဒီဇယ်သုံးမီးစက်များဖြင့် ၁၀မဂ္ဂါဝပ်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်ဆောင်ရွက်သော ပုဂ္ဂလိကစီမံကိန်းလုပ်ငန်းတစ်ခု ဖြစ်ပါသည်။ အဆိုပါစီမံကိန်းသည် လျှပ်စစ်ဝန်ကြီးဌာနနှင့် ဆက်စပ်လုပ်ဆောင်ခြင်းမဟုတ်ဘဲ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုမ္ပဏီမှ လုပ်ဆောင်နေသော ကိုယ်ပိုင်စီမံကိန်းဖြစ်ပြီး ရွာ(၁၅)ရွာသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရန်အတွက် လိုအပ်သော ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများမှာ ကုမ္ပဏီစရိတ်ဖြင့် တည်ဆောက်ထားခြင်းဖြစ်သော စီမံကိန်းတစ်ခု ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း အတွက် အစိုးရနှင့် MOU စာချုပ် ချုပ်ဆိုထားမှုများ မရှိသောကြောင့် အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြနိုင်ခြင်း မရှိပါကြောင်း တင်ပြအပ်ပါသည်။ | |